**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

(၁၈)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်**

**( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၁.၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးမန်းထွန်းကြိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ၁၄-၃-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် မန်းထွန်းကြိုင် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပါတီ၏ CEC အစည်းအဝေး တက်ရောက်ရန်။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အမျိုးသမီးများဆိုင်ရာ ညီလာခံတက်ရောက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ILO အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါက်တာဦးကွယ်ကွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးကျော်သိန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)၊ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ပြည်ပခရီးစဥ်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ပြည်သူ့ငွေစာရင်းပူးပေါင်း အစည်းအဝေးတက်ရောက်ရန်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ National Action Plan ဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာ မြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဒေါက်တာ တင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ပြည်သူ့ငွေစာရင်းပူးပေါင်း အစည်းအဝေးတက်ရောက်ရန်။

ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးနေမျိုးကျော်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဗိုလ်မှူးမောင်မောင်ငြိမ်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်းတို့ဖြစ်ပါတယ်။

ယနေ့ ခွင့်ပန်ကြားသူ(၄၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၀)ဦးဖြစ်၍ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။ ဖတ်ကြားတင်သွင်းရာတွင် ကော်မတီအသီးသီး၏ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဖတ်ကြား တင်သွင်းခြင်း မပြုရန် ကြိုတင်အသိပေးအပ်ပါတယ်။

ယခု ပြည်သူ့ငွေစာရင်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးစောသန်းထွန်း (ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ ဥက္ကဋ္ဌ ဦးစောသန်းထွန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းနှစ်ပတ်လည်လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ကော်မတီကိုယ်စား အစီရင်ခံစာ ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ စတုတ္ထပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာ

**နိဒါန်း**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၇(က)အရလည်းကောင်း၊ အမျိုးသားလွှတ်တော် ဥပဒေပုဒ်မ ၂၄ အရ လည်းကောင်း၊ အမျိုးသားလွှတ်တော်သည် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့ ၅-၂-၂၀၁၆ ရက်နေ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင် (၁၅)ဦးဖြင့် အမျိုးသားလွှတ်တော်၊ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၆) ဖြင့် ဖွဲ့စည်းပေးခဲ့ပါတယ်။ ဖွဲ့စည်းသတ်မှတ်ပေးတဲ့ ကော်မတီ၏တာဝန်များနှင့် လွှတ်တော်မှအခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ကော်မတီသည် ဆောင်ရွက်ခဲ့ပါတယ်။ ၆-၂-၂၀၁၆ ရက်နေ့မှ ၂၈-၂-၂၀၁၇ ရက်နေ့အထိ ကော်မတီရဲ့ ဆောင်ရွက်ချက်များကို တင်ပြအစီရင်ခံမှာ ဖြစ်ပါတယ်။

၂။ အစီရင်ခံစာမှာ ကော်မတီဝင်များ အခြေအနေ၊ ကော်မတီအစည်းအဝေး ဆောင်ရွက်ခြင်း၊ ဧည့်သည်တော်များ တွေ့ဆုံခြင်း၊ ဆွေးနွေးပွဲများတက်ရောက်ခြင်းနှင့် အခမ်းအနားများ တက်ရောက်ခြင်း၊ ကော်မတီဥက္ကဋ္ဌနဲ့ ကော်မတီဝင်များ နိုင်ငံခြားခရီးစဉ်များကို အစီရင်ခံစာ စာမျက်နှာ(၂)နဲ့ (၃)မှာ ဖော်ပြထားပြီး ဖြစ်ပါတယ်။ ဆက်လက်၍ တာဝန်ပေးအပ်ခြင်းများကို ဆောင်ရွက်ခြင်းအား တင်ပြသွားမှာ ဖြစ်ပါတယ်။

**တာဝန်ပေးချက်များဆောင်ရွက်ခြင်း**

၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ အမျိုးသားလွှတ်တော်ရှိ အမြဲတမ်းကော်မတီများနှင့် ရေးရာကော်မတီများအား သက်ဆိုင်ရာ ကော်မတီများအလိုက် ဥပဒေကိစ္စရပ်များ လေ့လာဆောင်ရွက်ရန် ၂၈-၄-၂၀၁၆ ရက်နေ့တွင် အကြောင်းကြားတာဝန်ပေးအပ်ခဲ့ရာ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီမှ မြန်မာ့အာမခံဥပဒေ(၁၉၉၃)နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ(၂၀၁၂)တို့အား စတင်လေ့လာခဲ့ပါတယ်။ ကိုယ်စားလှယ်များကို အစီရင်ခံစာ ကြိုတင်ဖြန့်ဝေထားပြီးတဲ့အတွက်ကြောင့်မို့လို့ မြန်မာ့အာမခံဥပဒေနဲ့ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သော ဥပဒေ(၂၀၁၅)နှင့်ပတ်သက်၍ ဆောင်ရွက်ချက်များကို အစီရင်ခံစာ စာမျက်နှာ(၂)(၃)(၄)တို့မှာ ဖော်ပြထားပြီး ဖြစ်ပါတယ်။ ဆက်လက်၍ ကော်မတီ၏လေ့လာတွေ့ရှိချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။

**ကော်မတီ၏လေ့လာတွေ့ရှိချက်များ**

၈။ (က) မြန်မာ့အာမခံလုပ်ငန်းအား ပြည်သူအများ ယုံကြည်ကိုးစားလာရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြန်မာ့အာမခံအသင်း Myanmar Insurance Association (MIA) ဖွဲ့စည်းရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း တွေ့ရှိရပါတယ်။

(ခ) နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ(၂၀၁၂)နှင့် ပြင်ဆင်တဲ့ ဥပဒေ(၂၀၁၅)တို့အား ဗဟိုဘဏ်မှ ပြင်ဆင်ရန်မရှိသေးကြောင်းသိရှိရပါတယ်။ ဥပဒေပါ အချက်အလက်များ လိုက်နာနိုင်စေရေးအတွက် အကောင်အထည်ဖော်မှု၊ တွန်းအားပေးမှုများ ဆောင်ရွက်လျက်ရှိပြီး ၅-၁၂-၂၀၁၆ ရက်နေ့မှ ၁၅-၂-၂၀၁၇ ရက်နေ့အတွင်း အမှာစာ(၄)စောင်၊ ညွှန်ကြားချက်(၁)စောင် ထုတ်ပြန်ခဲ့ပြီး ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်ပါက စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ ချမှတ်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါတယ်။

**ကော်မတီ၏အကြံပြုချက်များ**

၉။ (က) ပုဂ္ဂလိကအာမခံလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာရန်အတွက် မြန်မာ့အာမခံအသင်း Myanmar Insurance Association(MIA)ကို အလျင်အမြန် ဖွဲ့စည်းပေးရန် အကြံပြုပါတယ်။

(ခ) မြန်မာ့အာမခံအသင်း Myanmar Insurance Association (MIA) ဖွဲ့ခြင်းအားဖြင့် အာမခံလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပို၍မြန်ဆန်မှုရှိလာနိုင်ခြင်း၊ အာမခံလုပ်ငန်း၏ အားနည်းချက်၊ အားသာချက်များကို ပူးပေါင်းဆောင်ရွက်ရန် လုပ်ပေးနိုင်ခြင်းနှင့် ပြည်သူတို့အား အသိပညာပေးခြင်းများကို ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန် အကြံပြုပါတယ်။ အာမခံအသင်းဖွဲ့စည်းရာတွင် ပုဂ္ဂလိကအာမခံလုပ်ငန်းလုပ်ကိုင်နေသူအားလုံး ကိုယ်စားပြု၍ ပါဝင်ဆောင်ရွက်ရန် အကြံပြုပါတယ်။

(ဂ) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ ဗဟိုဘဏ်သည် ပုဂ္ဂလိကဘဏ်များနှင့် ပတ်သက်ပြီး နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများ Authorized Dealer(AD)နှင့် ဘဏ်မဟုတ်သော နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးသည့်လုပ်ငန်း Money Changer(MC)လုပ်ငန်းများအား စစ်ဆေးမှုမှတ်တမ်းများနှင့်ပတ်သက်၍ စစ်ဆေးသည့် အချိန်ကာလ၊ အရေအတွက်နှင့် အကြောင်းအရာများကို အသေးစိတ် ဖော်ပြနိုင်ရန် အကြံပြုပါတယ်။

(ဃ) ဘဏ်မဟုတ်သော နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးသည့်လုပ်ငန်း Money Changer (MC) လုပ်ငန်းလိုင်စင်မရှိသည့် ပုဂ္ဂလိကငွေကြေးလဲလှယ်သည့် လုပ်ငန်း အများအပြားရှိနေပါသည်။ ယင်းလုပ်ငန်းများမှ နိုင်ငံတော်ဝင်ငွေ ရရှိရန်အတွက် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် နည်းလမ်းရှာဖွေသင့်ကြောင်း အကြံပြုပါသည်။

**နိဂုံး**

၁၀။ အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီသည် ပေးအပ်ထားသော တာဝန်များကို ပြဋ္ဌာန်းသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်ချက်ကို လွှတ်တော်သို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြနိုင်ရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု လွှတ်တော်အခွင့်အရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးမင်းဦး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ တစ်နှစ်တာကာလအတွင်း လွှတ်တော်အခွင့်အရေးကော်မတီ၏ ဆောင်ရွက်ချက်များနဲ့ စပ်လျဉ်းတဲ့ အစီရင်ခံစာကို ကော်မတီရဲ့ကိုယ်စား လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

### ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ တစ်နှစ်တာကာလအတွင်း လွှတ်တော်အခွင့်အရေးကော်မတီ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် စိစစ်တင်ပြချက်အစီရင်ခံစာ

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၃ ရက်

၁။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၈-၂-၂၀၁၆ ရက်နေ့မှာ အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်အရ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးအေးသာအောင် ဥက္ကဋ္ဌနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမင်းဦး အတွင်းရေးမှူးအပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးဖြင့် လွှတ်တော်အခွင့်အရေး ကော်မတီကို စတင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အချိန်ကိုငဲ့ကွက်ပြီး လွှတ်တော်ကိုယ်စားလှယ်များထံ အစီရင်ခံစာများ ဖြန့်ဝေပြီးပြီဖြစ်တဲ့အတွက် အဓိကအကြောင်းအရာများကိုသာလျှင် ထုတ်နုတ်တင်ပြသွားမှာ ဖြစ်ပါတယ်။

၂။ ကော်မတီအနေနဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို ဆက်လက်တင်ပြသွားပါမယ်-

(က) ၂၅-၂-၂၀၁၆ ရက်နေ့မှာ ကော်မတီရဲ့ (၁/၂၀၁၆) အစည်းအဝေးကို ကျင်းပခဲ့ပါတယ်။

(ခ) ၆-၄-၂၀၁၆ ရက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီက တာဝန်ယူဆောင်ရွက်ရမယ့် The Myanmar Territorial Force Act(Vol.II)၊ မြန်မာ့ရုပ်ရှင်ဥပဒေ၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး ဥပဒေက မြီး၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း စတဲ့ ဥပဒေ(၄)ရပ်နှင့် စပ်လျဉ်းပြီး ကြိုတင်လေ့လာနိုင်ရန်အတွက် ဖြန့်ဝေခြင်းနဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၆)ကို ကျင်းပခဲ့ပါတယ်။

(ဂ) ၂၇-၄-၂၀၁၆ ရက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီက အဆိုပါဥပဒေ(၄)ရပ်နဲ့ စပ်လျဉ်းတဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၆)ကို ကျင်းပခဲ့ပါတယ်။

(ဃ) ၂၉-၄-၂၀၁၆ ရက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီမှ မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကို လေ့လာနိုင်ရန်ဖြန့်ဝေခြင်းနှင့် အထွေထွေလုပ်ငန်း အစည်းအဝေး (၄/၂၀၁၆) ကို ကျင်းပခဲ့ပါတယ်။

(င) ၁၆-၅-၂၀၁၆ ရက်မှာ လွှတ်တော်အခွင့်အရေး ကော်မတီမှ တာဝန်ယူထားတဲ့ ၁၉၇၃ ခုနှစ်၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြား၍ ဆွေးနွေးညှိနှိုင်းရန် လုပ်ငန်းအစည်းအဝေး (၅/၂၀၁၆) ကို ကျင်းပခဲ့ပါတယ်။

(စ) ၂၆-၅-၂၀၁၆ ရက်နေ့တွင် လွှတ်တော်အခွင့်အရေး ကော်မတီမှ တာဝန်ယူထားတဲ့ ၁၉၇၃ ခုနှစ်၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် အပါအဝင် တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၁၆)ကို ပြုလုပ်ကျင်းပခဲ့ပါတယ်။

(ဆ) ၂-၈-၂၀၁၆ ရက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီမှတာဝန်ယူခဲ့တဲ့ အဆိုပါစာစစ်ဥပဒေနှင့်စပ်လျဉ်းပြီး ပညာရေးဝန်ကြီးဌာနမှ စာစစ်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဖိတ်ကြား၍ လုပ်ငန်းအစည်းအဝေး (၇/၂၀၁၆)ကို ကျင်းပခဲ့ပါတယ်။

(ဇ) ၁၁-၈-၂၀၁၆ ရက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီမှ အဆိုပါစာစစ်ဥပဒေနှင့် စပ်လျဉ်းပြီးထပ်မံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပနိုင်ရန်အတွက် သက်ဆိုင်ရာပညာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ဖိတ်ကြားပြီး ဆွေးနွေးခဲ့တဲ့ (၈/၂၀၁၆)ကို ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၇၃ ခုနှစ်၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေအား ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃) ဖြင့် ၁-၃-၂၀၁၇ ရက်နေ့မှာ အောင်မြင်စွာ ပြဋ္ဌာန်းနိုင်ခဲ့ ပါတယ်။

(ဈ) ၂၉-၈-၂၀၁၆ ရက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်တဲ့ အဖွဲ့ဟာ ရန်ကုန်မှာ တရားမျှတမှုစင်တာ (YJC)နှင့် (ULC) မှ ရှေ့နေများ၊ ဝန်ထမ်းများ ပါဝင်တဲ့အဖွဲ့ဝင် (၆၁)ဦးနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။

(ည) ၁-၉-၂၀၁၆ ရက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်တဲ့အဖွဲ့ဟာ မြန်မာနိုင်ငံဆိုင်ရာဥရောပသမဂ္ဂရုံးမှ Political Advisor, Mr.Andreas Magnusson နှင့်တွေ့ဆုံ ဆွေးနွေးခြင်း (Call)အား ရေးရာဆောင် အမှတ် (I– 20)မှာ ပြုလုပ်ခဲ့ပါတယ်။

(ဋ) ၂၀-၁၂-၂၀၁၆ ရက်နေ့မှာ ကချင်ပြည်နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးအား ပြည်ပနိုင်ငံကို အကူအညီတောင်းခံခြင်း၊ မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားခြင်းတို့အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ လုပ်ပိုင်ခွင့် ဘောင်ကို ကျော်လွန်ပြီး ဆောင်ရွက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ တင်ပြစာအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက အမျိုးသားလွှတ်တော်ရုံးသို့ အကြောင်း ကြားလာခြင်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ အထက်ပါ ကိစ္စရပ်များသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးအနေဖြင့် လုပ်ဆောင် နိုင်သောကိစ္စရပ်များ မဟုတ်သဖြင့် နောင်အလားတူကိစ္စရပ်မျိုး မဖြစ်စေရေး အတွက် အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေး ကော်မတီ ဥက္ကဋ္ဌ မှ ယင်းအမျိုးသားလွှတ်တော် ကိုယ်စားလှယ်အား ခေါ်ယူသတိပေး မှတ်တမ်းတင် ခြင်းများဆောင်ရွက်ခဲ့မှုကို ကော်မတီအစည်းအဝေးပြုလုပ်၍ ကော်မတီဝင်များအား ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့မှ ရှင်းလင်းပြောကြားခြင်း အစည်းအဝေး (၁၁/၂၀၁၆)ကို ဆောင်ရွက်ခဲ့ပါတယ်။

အထက်ပါတင်ပြချက်များဟာ တစ်နှစ်တာအတွင်း အမျိုးသားလွှတ်တော်၊ လွှတ်တော် အခွင့်အရေးကော်မတီ၏ဆောင်ရွက်ချက်များပဲ ဖြစ်ပါတယ်။

**ကော်မတီ၏ လေ့လာတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်**

၄။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန် အစည်းအဝေး ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်း ခြင်း၊ ဆွေးနွေးခြင်းနှင့် မိမိမဲဆန္ဒနယ်မြေရှိ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော သတင်းအချက်အလက်များ၊ အထောက်အထား၊ စာရွက်စာတမ်းများ ရရှိနိုင်ရေးအတွက် လွှတ်တော် ကော်မတီများက သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်းတို့ လက်အောက်ရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရပါကြောင်း၊ ထိုသို့ ဆက်သွယ် ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုမရှိဘဲ အလွယ်တကူ အဆင်ပြေပြေရရှိအောင် ဆောင်ရွက်နိုင်မှု အားနည်းခဲ့သည့်အတွက် အခက်အခဲများ ကြုံတွေ့နေရကြောင်း လေ့လာတွေ့ရှိရပါသည်။

၅။ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်းတို့လက်အောက်ရှိ ဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏ လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏အကျိုးကို ဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာရှိသည်ဟူသော အကြောင်းပြချက်များမှအပ ကျန်ကိစ္စရပ်များကို လွှတ်တော် ကော်မတီများနှင့် အမျိုးသားလွှတ်တော်ရုံး၊ သုတေသနဝန်ဆောင်မှုဌာနများက လိုအပ်သည့် သတင်း

အချက်အလက်များ တောင်းခံလာပါက အချိန်နှင့်တစ်ပြေးညီ အကူအညီပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးသင့်ပါကြောင်း သုံးသပ်တွေ့ရှိရပါသည်။

အမျိုးသားလွှတ်တော်၊လွှတ်တော်အခွင့်အရေးကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဒေါက်တာမိုးမြင့်အောင်(အဖွဲ့ဝင်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အဖွဲ့ဝင် ဒေါက်တာမိုးမြင့်အောင် ဖြစ်ပါတယ်။ ကော်မတီရဲ့ကိုယ်စား ဒုတိယအကြိမ် အမျိုးသား လွှတ်တော်၊ တတိယပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့တဲ့ မေးခွန်းများနဲ့ စပ်လျဉ်းတဲ့ အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ အဓိကအနေနဲ့ ကော်မတီရဲ့ဆောင်ရွက်ချက်များကို တင်ပြချင် ပါတယ်။

**အမျိုးသားလွှတ်တော်**
**အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏**
**လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၄။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှ ကြယ်ပွင့်ပြမေးခွန်း(၁၀၄)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၆၂)ခု၊ စုစုပေါင်း(၁၆၆)ခု မေးမြန်းခဲ့ပါသည်။ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် ပတ်သက်၍ ကတိဖြစ်ပေါ်မှု စိစစ်နိုင်ရေးအတွက် ကော်မတီအဖွဲ့ဝင် များကို အဖွဲ့(၆)ဖွဲ့ခွဲပြီးတော့ ဝန်ကြီးဌာနများအလိုက် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ ကော်မတီသည်

၁၅-၂-၂၀၁၇ ရက်နေ့နှင့် ၁၆-၂-၂၀၁၇ ရက်နေ့များတွင် ကော်မတီဝင်များနှင့်လည်းကောင်း၊ ၂၁-၂-၂၀၁၇ ရက်နေ့တွင် မေးခွန်းရှင်အချို့နှင့်လည်းကောင်း အစည်းအဝေး ပြုလုပ်၍ဆွေးနွေး စိစစ်ခဲ့ပါသည်။ကော်မတီ၏စိစစ်ချက်အရ ကတိဖြစ်ပေါ်ခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ကြယ်ပွင့်မပြ မေးခွန်းများနှင့်ပတ်သက်၍ ၆-၃-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးဌာန(၁၁)ခုမှ တာဝန်ရှိ သူများနှင့်လည်းကောင်း၊ ၇-၃-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးဌာန (၆)ခုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးအရဖွဲ့ (၁၁)ခုမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ထပ်မံဆွေးနွေးအတည်ပြုနိုင်ခဲ့ ပါသည်။

၅။ ထို့ပြင်ကော်မတီသည် လွှတ်တော်နှင့်အစိုးရ အပြန်အလှန်ထိန်းကျောင်းနိုင်ရန်၊ ပြည်ထောင်စု ဝန်ကြီးဌာနများ၏ ဆောင်ရွက်နေမှုအခြေအနေ၊ ဆောင်ရွက်မည့်အစီအစဉ်၊ မူဝါဒသဘောထားများကို လွှတ်တော်ကိုယ်စားလှယ်များ ထိတွေ့ရင်းနှီး သိရှိနိုင်စေရန်၊ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် သိရှိလိုသည့်အချက်များ၊ ဝန်ကြီးဌာနများသို့ အကြံပြုလိုသည့်အချက်များကို ပွင့်လင်းမြင်သာစွာ မေးမြန်းဆွေးနွေးတင်ပြနိုင်ရန်ရည်ရွယ်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၏ခွင့်ပြုချက်ရယူကာ ၂၈-၂-၂၀၁၈ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနနှင့် Debate အပြန်အလှန်ဆွေးနွေးပွဲပြုလုပ်ပေး နိုင်ခဲ့ပါသည်။

၆။ ကော်မတီနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြုလုပ်သည့်အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ များအနေဖြင့် အမှန်တကယ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းကိစ္စများကိုသာ အာမခံကတိပေးရန်၊ လွှတ်တော်တွင် ကတိပေးပြီးပါက ပေးထားသည့်အတိုင်း ပြီးပြတ်အောင်ဆောင်ရွက်ရန်၊ အရည်အသွေး ပြည့်မီအောင် ဆက်လက်တာဝန်ယူပေးရန်၊ ကတိပေးပြီးသားလုပ်ငန်းများကို ဘတ်ဂျက်တွင် ပါဝင်အောင် ထည့်သွင်းရေးဆွဲရန်၊ ဝန်ကြီးဌာနများ၏ မူဝါဒလုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများ၏ပြီးစီးမှုကို (၃)လလျှင်(၁)ကြိမ်၊ ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများ၏ပြီးစီးမှုများကို လစဉ်ပြန်လည်ပေးပို့ရန်၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ပြည်ထောင်စုအစိုးရက လွှတ်တော်၌လာရောက်ဖြေကြားရာတွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပေးထားသည့်ကတိ၊ တာဝန်ခံချက်အတိုင်း ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က မဆောင်ရွက် နိုင်သည့် ပေးပို့ချက်အပေါ် ပြည်ထောင်စုဝန်ကြီးက တာဝန်ယူ၊ တာဝန်ခံ၍ ဆောင်ရွက်မည်ဟု ကတိပြု ဖြေကြားပါက ဝန်ကြီးဌာနမှ ဆက်လက်တာဝန်ယူပေးရန်၊ လွှတ်တော်နှင့်အစိုးရ အပြန်အလှန် ထိန်းကျောင်းခြင်းအားဖြင့် လွှတ်တော်နှင့် အစိုးရပုံရိပ်ကောင်းမွန်ပြီး ပြည်သူများ၏ လေးစားယုံကြည် အားကိုးခြင်း ခံရမည်ဖြစ်ကြောင်း၊ ပထမပုံမှန်မှ တတိယပုံမှန်အထိ ကတိဖြစ်ပေါ်ခဲ့သော လုပ်ငန်းများ အနက် ရာခိုင်နှုန်း ထက်ဝက်ကျော်ပြီးစီးသော လုပ်ငန်းများကို ကော်မတီအနေဖြင့် ကွင်းဆင်းစစ်ဆေး သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

၇။ ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်မှ ဆွေးနွေးရာတွင် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ ပြည်ထောင်စုဝန်ကြီးဌာနများသို့

ပြောကြားရာတွင် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ တိုတိုနှင့်လိုရင်းသာ ဖြေကြားရန်၊ အဓိက မေးမြန်းသည့်အချက်ကိုသာ တိကျစွာပြန်လည်ဖြေကြားရန်၊ စီမံကိန်း၊ လုပ်ငန်းများနှင့်ပတ်သက်၍ အကောင်အထည်ဖော်ပြီးစီးနိုင်မည့် အချိန်ကာလ၊ ရန်ပုံငွေ ရရှိမှုအခြေအနေနှင့် လောလောဆယ် ရန်ပုံငွေလျာထားခြင်း မရှိသေးပါကလည်း မည်သို့ဆောင်ရွက်ထားကြောင်း ရှင်းလင်းဖြေကြားရန်၊ အမှန်တကယ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကိုသာ ကတိပေးဖြေကြားနိုင်ရန်၊ ကတိပေးထားခြင်း အတွက် ပြီးပြတ်အောင်ဆောင်ရွက်ရန်နှင့် အရည်အသွေး ပြည့်ဝစွာ ပြီးစီးနိုင်ရေးကြပ်မတ် ဆောင်ရွက် ရန် လမ်းညွှန်ထားပါကြောင်း ဆွေးနွေးသွားပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့် ပြုပါရန် တင်ပြအပ်ပါတယ်။ ဆက်လက်၍ ကော်မတီရဲ့စိစစ်တွေ့ရှိချက်များကို ဆက်လက်တင်ပြ ပါမယ်။

## ကော်မတီ၏စိစစ်တွေ့ရှိချက်များ

၈။ ကော်မတီနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အစည်းအဝေးအတည်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း(၁၀၄)ခု အနက် မေးခွန်း(၅၄)ခုကတိဖြစ်ပေါ်ခဲ့ပြီး၊ မေးခွန်း(၅၀)ခု ကတိမဖြစ်ပေါ်ခဲ့ကြောင်း တစ်ဖက်ပါ ပုံပြပါစာ အတိုင်းတွေ့မြင်ရမှာ ဖြစ်ပါတယ်။ နောက်ဆက်တွဲ(က)အဖြစ်လည်း ဆက်လက်ဖော်ပြထားပါတယ်။

ကြယ်ပွင့်မပြမေးခွန်း(၆၂)ခုအနက် မေးခွန်း(၃၂)ခုကတိဖြစ်ပေါ်ခဲ့ပြီး၊ မေးခွန်း(၃၀)ခု ကတိမဖြစ်ခဲ့ကြောင်း ပုံပြပါစာအတိုင်း တွေ့မြင်ရမှာဖြစ်ပါတယ်။ နောက်ဆက်တွဲ(ခ)အဖြစ်လည်း ဆက်လက်ဖော်ပြထားပါတယ်။

၁၂။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပထမပုံမှန်၊ ဒုတိယပုံမှန်၊ တတိယပုံမှန် အစည်းအဝေး(၃)ကြိမ်အတွင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်း များအနက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ပြည်ထောင်စုဝန်ကြီးဌာနအလိုက် ကတိဖြစ်ပေါ်ခဲ့မှု များကို ပုံပြပါစာအတိုင်း တွေ့မြင်ရမှာဖြစ်ပါတယ်။

## သုံးသပ်အကြံပြုချက်

၁၃။ ဆက်လက်ပြီး ကော်မတီရဲ့ သုံးသပ်အကြံပြုချက်ကို ဆက်လက် တင်ပြသွားပါမယ်။ တတိယပုံမှန်အစည်းအဝေးသည် ၁၆-၁၁-၂၀၁၆ ရက်နေ့မှ ၂၁-၁၂-၂၀၁၆ ရက်နေ့အတွင်း ရက်ပေါင်း (၁၈)ရက်သာ ကျင်းပခဲ့သော်လည်း မေးခွန်းပေါင်း(၁၆၆)ခု မေးမြန်းနိုင်ခဲ့သဖြင့် ပထမပုံမှန် အစည်းအဝေး ရက် (၄၀)တွင် မေးခွန်း(၅၉)ခုနှင့် ဒုတိယပုံမှန်အစည်းအဝေး (၄၅)ရက်တွင် မေးခွန်း (၂၁၉)ခုနှင့်နှိုင်းယှဉ်ပါက အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် သက်တမ်းရလာသည်နှင့် အမျှ မိမိတို့မဲဆန္ဒနယ်မြေရှိ ပြည်သူများ၏လိုအပ်ချက်၊ တင်ပြချက်များကို စိတ်ဝင်တစား ပိုမို ဆောင်ရွက်လာနိုင်ကာ လွှတ်တော်၏အခန်းကဏ္ဍရုပ်လုံးပို၍ ပေါ်လွင်လာသည်ဟု သုံးသပ်ရရှိ ပါသည်။

၁၄။ သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့မေးမြန်းချက်အရ ကတိဖြစ်ခဲ့သော လုပ်ငန်းများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများက သက်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးမြောက်မှုမရှိခြင်း၊ ပြီးမြောက်သော်လည်း အရည်အသွေးပြည့်မီမှုမရှိခြင်းများရှိခဲ့ပါက ကော်မတီသို့ လာရောက်ဆွေးနွေးပေးပါရန် ဖိတ်ကြားထားသော်လည်း ဆွေးနွေးမှု အားနည်းနေသေး ပါကြောင်း လေ့လာသုံးသပ်မိပါတယ်။

၁၅။ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များသည် ပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်၊ တင်ပြချက်များဖြစ်သည့် ပြည်သူ့အသံများပင်ဖြစ်၍ ပြည်ထောင်စုဝန်ကြီးဌာနများ အနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်မဆန့်ကျင်လျှင် လွှတ်တော်တွင် မေးမြန်းတင်သွင်းသည့် လုပ်ငန်းစဉ်များကိုဦးစားပေး၍ အလေးအနက်ထား ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ပြည်ထောင်စု ဝန်ကြီးဌာနများအနေဖြင့် ကတိဖြစ်ပေါ်ခဲ့သော လုပ်ငန်းများကို ဘဏ္ဍာငွေလျာထားချက်တွင် ပါဝင် အောင်ထည့်သွင်းရေးဆွဲရန် လိုအပ်သကဲ့သို့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများကလည်း ဘတ်ဂျက် တွင် ပါ/မပါ ပြန်လည်စိစစ် ကြပ်မတ်စေလိုပါကြောင်း၊ အလားတူ လွှတ်တော်ကိုယ်စားလှယ်များအနေ ဖြင့်လည်း ကတိဖြစ်ပေါ်ခဲ့သည့် မိမိတို့၏မေးခွန်းပါ လုပ်ငန်းများကို ဘဏ္ဍာငွေခွဲဝေလျာထားမှုတွင် ပါဝင်ခြင်း ရှိ / မရှိ၊ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆက်သွယ်စုံစမ်းမေးမြန်းခြင်း၊ လွှတ်တော်တွင် ဘတ်ဂျက်စိစစ်ရာ၌ ကတိကဝတ်ဖြစ်ပေါ်သည့် လုပ်ငန်းစဉ်များပါဝင်ခြင်း ရှိ/မရှိ စိစစ်ရန် လိုအပ်ပါ ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၏မေးခွန်းများအပေါ် ပြည်ထောင်စု ဝန်ကြီးဌာနများက လိုရင်းကိုသာ တိကျစွာဖြေကြားပေးရန် လွှတ်တော်မှတစ်ဆင့် တိုက်တွန်းသင့်ပါ ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

၁၆။ ကော်မတီအနေဖြင့်လည်း ကတိဖြစ်ပေါ်သည့် မေးခွန်းများနှင့်ပတ်သက်၍ သတ်မှတ်သည့် ကာလအတွင်း အကောင်အထည်ဖော်မှု ရှိ/မရှိ၊ စံချိန်စံညွှန်း အရည်အသွေးပြည့်မီမှု ရှိ/မရှိ၊ အမှန် တကယ်ပြီးစီးမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး စိစစ်ဆောင်ရွက်သွားမည်ဟု လျာထားသည့်အတိုင်း ပထမပုံမှန်မှ တတိယပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းပေါင်း (၂၄၅)ခုအနက် ပြည်ထောင်စုဝန်ကြီးဌာနများ၏ လစဉ် ပြန်လည် ပြန်ကြားချက်များအရ ရာခိုင်နှုန်း ထက်ဝက်ကျော် ပြီးစီးပြီဖြစ်သောလုပ်ငန်းများကို ပဉ္စမပုံမှန်အစည်းအဝေးမတိုင်မီ ကွင်းဆင်းစစ်ဆေး၍ မေးခွန်းရှင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြန်လည်ညှိနှိုင်းအစည်းအဝေး ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့်လည်း ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့် ပတ်သက်၍ ကော်မတီနှင့် ဆွေးနွေးညှိနှိုင်းနိုင်ရန် ဖိတ်ခေါ်ပါကြောင်း တင်ပြအပ်ပါတယ်။

## နိဂုံး

၁၇။ နိဂုံးချုပ်အနေအားဖြင့် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအကြား ပြည်သူများ၏ကိုယ်စား လွှတ်တော်တွင်ဆွေးနွေးခဲ့သည့် ပြည်သူများ၏ ဆန္ဒသဘောထားများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိန်းညှိပေးသည့်

ကော်မတီ ဖြစ်ပါသည်။ သို့ပါ၍ ပြည်ထောင်စုအဆင့် တာဝန်ရှိသူများမှ ကတိကဝတ်ဖြစ်ပေါ်ခဲ့မှုများကို လစဉ်တိုးတက်ပြီးစီးမှု ပြန်ကြားပေးပို့စေသကဲ့သို့ မေးခွန်းမေးမြန်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များမှလည်း မြေပြင်တွင် အမှန်တကယ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့် ညီ/မညီ၊ မည်သည့်အခြေအနေအထိ ဆောင်ရွက်ပြီးကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သတ်မှတ်သည့်ကာလအတွင်း သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ/မရှိကို ကော်မတီသို့ အကြံပြုစာများ ရေးသားပေးပို့ကြပါရန် တိုက်တွန်းအပ်ပါသည်။

၁၈။ သို့မှသာ ကော်မတီအနေဖြင့် ရရှိသော အချက်အလက်များကို အခြေခံ၍ လိုအပ်သော နေရာဒေသများသို့ သွားရောက် ကွင်းဆင်းစစ်ဆေးခြင်းဖြင့် စစ်ဆေးတွေ့ရှိချက်များကို လွှတ်တော်သို့ မှန်မှန်ကန်ကန် တင်ပြပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် ကတိကဝတ်ပျက်ကွက်မှုများရှိပါကလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံ အစီရင်ခံတင်ပြသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်
အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဒေါက်တာသန်းဝင်း(ဥက္ကဋ္ဌ၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီရဲ့ စတင်ဖွဲ့စည်းတဲ့ ၁၇-၂-၂၀၁၆ မှ အစီရင်ခံစာတင်သွင်းတဲ့ ၂၁-၂-၂၀၁၇ ကာလအတွင်း ကော်မတီရဲ့ ဆောင်ရွက်ချက်များကို တင်ပြအစီရင်ခံမှာ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော်
# နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ

## ကော်မတီဖွဲ့စည်းခြင်း

**၂။** အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသော ချင်းပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၄) မှ ဦးဇုန်လှယ်ထန်း အစား မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)မှ ကျွန်တော် ဒေါက်တာသန်းဝင်း အား ပြောင်းလဲတာဝန်ပေးခဲ့ပြီး အဖွဲ့ဝင်အားလုံး (၁၄)ဦး စုစုပေါင်း ကော်မတီဝင် (၁၅)ဦးနဲ့ ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

## ကော်မတီ၏ဆောင်ရွက်ချက်များ

၃။ (က) ကျွန်တော်တို့ အစီရင်ခံကာလအတွင်းမှာ ကော်မတီအစည်းအဝေးများကို (၆) ကြိမ် ကျင်းပခဲ့ပါတယ်။

(ခ) ကော်မတီရဲ့ နိုင်ငံတကာဆက်ဆံရေးတာဝန်အနေနဲ့ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်း များနဲ့တွေ့ဆုံခြင်းကို (၂၇)ကြိမ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ တွေ့ဆုံခဲ့တဲ့ နိုင်ငံတကာ အဖွဲ့အစည်းများအနေနဲ့ နယူးဇီလန်နိုင်ငံ၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ဌာန၊ အာရှနှင့် အမေရိကတာဝန်ခံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး၊ မစ္စအန် ဒရီယာစမစ်နှင့် နောက်ပြီး အမေရိကန်အောက်လွှတ်တော်၊ ဒီမိုကရေစီမိတ်ဖက် ကိုယ်စားလှယ်အဖွဲ့မှ Mr. Justin Wein (Deputy Chief of Staff Legislative Director)၊ မြန်မာနိုင်ငံဆိုင်ရာ စင်္ကာပူသံရုံးမှသံအမတ်ကြီး MR.ROBERT CHUA၊ ရုရှားသံအမတ်ကြီး H.E. MR. Vasily B. Pospelov၊ ရန်ကုန်မြို့ ဗြိတိသျှသံရုံးမှ MR. Wayne Ives, First Secretary (Politic)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. HONG Liang၊ ကနေဒါနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Mark McDowell၊ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr.Gautam Mukhopadhaya ပြင်သစ်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Olivier RICHARD၊ တူရကီနိုင်ငံ သံအမတ်ကြီး Mr. Murat Yavuz Ates၊ UK နိုင်ငံ၊ Westminster Foundation for Democracy မှ Mr. Devin O'Shaughnessy၊ စင်္ကာပူနိုင်ငံ သံမှူးကြီး Mr. KOH CHEE CHIAN၊ ကနေဒါနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E Stephane Dion၊ ဂျာမနီနိုင်ငံ၊ Friedrich Ebert Stiftung ၏ မြန်မာနိုင်ငံဆိုင်ရာ Country Director, Mr.Konstantin Barawaldt၊ GreeLotus Foundation Chairman, Mr. Jean-Marc BRULE၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး Mr.Mohammad Sufiur Rahman၊ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်မှ

တာဝန်ရှိသူများ၊ ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့တောင်အာရှဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူး Mr. Martin Laflamme, အမေရိကန်နိုင်ငံ၊ လော့စ်အိန်ဂျယ်လိစ်မြို့အခြေစိုက်၊ မြန်မာ-အမေရိကန် လူမျိုးများကွန်ရက်အသင်း ဥက္ကဋ္ဌနှင့်အဖွဲ့၊ Westminster Foundation For Democracy မှ Technical Advisor Mr.Franklin de Vrieze၊ အမေရိကန်နိုင်ငံ သံအမတ်ကြီး H.E Mr. Scot Marciel၊ နယူးဇီလန်နိုင်ငံသံအမတ်ကြီး H.E Steve Marshall၊ တိဘက်ဒေသ ပြည်သူ့ကွန်ဂရက် ဒုတိယအကြီးအကဲ Mr. Bianba Zhaxi၊ နယူးဇီလန်၊ အမျိုးသား အဆင့် လေ့လာဆန်းစစ်ရေးအဖွဲ့မှ အာရှရေးရာ မန်နေဂျာ Mr. Anthony Smith၊ International IDEA မှ Head of Country Mr. Mark McDowell၊ စင်္ကာပူနိုင်ငံသံရုံးမှ သံမှူးကြီး Mr. KOH CHEE CHIAN တို့ဖြစ်ပါတယ်။ အဆိုပါ တွေ့ဆုံပွဲများမှာ မြန်မာနိုင်ငံနှင့် သက်ဆိုင်ရာနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ နောက် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံရေး ဆိုင်ရာကိစ္စရပ်များကို နှစ်ဦးနှစ်ဖက်အကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့တာကို တွေ့ရှိရပါတယ်။

(ဂ) ဒါ့အပြင် ကော်မတီအနေနဲ့ အမျိုးသားလွှတ်တော်မှ တာဝန်ပေးသောဥပဒေများ လေ့လာခြင်းအတွက် အစည်းအဝေးများဆောင်ရွက်ခဲ့ပါတယ်။ ကော်မတီက လေ့လာ တင်ပြဆွေးနွေးခဲ့တဲ့ ဥပဒေများကတော့ The Myanmar Registration of Ship Act, The Myanmar Merchant Shipping Act, The Myanmar Carriage Air Act တို့ ဖြစ်ပါတယ်။

## လေ့လာတွေ့ရှိချက်နှင့်သုံးသပ်ချက်များ

၄။ အခုဆက်လက်ပြီး ကော်မတီရဲ့ လေ့လာသုံးသပ်ချက်နဲ့ တွေ့ရှိချက်များကို တင်ပြပါမယ်။

(က) လွှတ်တော်ကော်မတီတွေဖွဲ့စည်းရာမှာ လွှတ်တော်ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ အပါအဝင် အဖွဲ့ဝင်တွေကို ရွေးချယ်ရာမှာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အရည်အချင်းကို ကြည့်ရှုရပြီးတော့ ခန့်အပ်တာဝန်ပေးခြင်းအပြင်၊ လွှတ်တော် ကိုယ်စားလှယ်များရဲ့ စိတ်ပါဝင်စားမှုကို မေးမြန်းစုံစမ်းပြီး တာဝန်ပေးရင် ပိုမို အကျိုးကျေးဇူးရှိမယ်လို့ သုံးသပ်ပါတယ်။

(ခ) လွှတ်တော်ကော်မတီများအတွင်းရှိ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲတာဝန်ပေးခြင်းကို လွှတ်တော်သက်တမ်း(၅)နှစ်အတွင်း အများဆုံး(၂)ကြိမ် ခန့်သာ ပြောင်းလဲသင့်ပါတယ်။ သို့မှသာ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ မိမိတာဝန်ကျရာ ကော်မတီများရဲ့ လုပ်ငန်းတာဝန်များကို ပိုမိုထိတွေ့ပြီး ကော်မတီ တာဝန်များကို ထိရောက်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်မယ်လို့သဘောရပါတယ်။

(ဂ) ကော်မတီဟာ နိုင်ငံတကာ ဆက်ဆံရေးကိစ္စရပ်များ ရင်းနှီးကျွမ်းဝင်နိုင်ရန်နှင့် နိုင်ငံခြားရေးမူဝါဒများ၊ သိသင့်သိထိုက်သော လုပ်ငန်းများ သိရှိနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ရှင်းလင်းဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများကို စီစဉ်ဆောင်ရွက်ပေးသင့်ပါတယ်။

(ဃ) ကော်မတီအနေနဲ့ နိုင်ငံတကာ လွှတ်တော်များနဲ့ နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဆက်ဆံရေးကဏ္ဍများမှာ ယခုထက်ပိုမို ထိတွေ့ဆက်ဆံမှုရှိစေရန် ဆောင်ရွက်သင့်ပါတယ်။

(င) လွှတ်တော်မှာ ဖွဲ့စည်းထားရှိပြီးဖြစ်သော ကော်မတီများအနေနဲ့ လက်ရှိအစိုးရ သက်တမ်းကာလအတွင်း ဖွဲ့စည်းထားရှိသော ဝန်ကြီးဌာနများရဲ့ ဝန်ကြီးဌာန အမည်များအတိုင်း ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဖြင့် လွှတ်တော် ကော်မတီများနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများအကြားမှာ ဆက်သွယ်မှု မြန်ဆန်စွာ ဆောင်ရွက်နိုင်မယ်လို့ သုံးသပ်ပါတယ်။

## နိဂုံး

၅။ နိဂုံးချုပ်အနေနဲ့ အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဟာ ကမ္ဘာ့နိုင်ငံများရှိ လွှတ်တော်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံပြီး နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ အမျိုးသားအကျိုးစီးပွားအတွက် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များကို ကူညီဖော်ဆောင်ပေးတဲ့ ကော်မတီတစ်ရပ်ဖြစ်စေရန် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌရဲ့ လမ်းညွှန်မှုကိုခံယူပြီး ကော်မတီရဲ့ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ကြိုးစား ထမ်းဆောင်လျက် ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။

နိုင်ငံတကာဆက်ဆံရေး၊

လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

နယူးဇီလန်၊ အမျိုးသားအဆင့် လေ့လာဆန်းစစ်ရေးအဖွဲ့  အာရှရေးရာ မန်နေဂျာ Mr.Anthony Smith ၂၃-၁၁-၂၀၁၆ (ထ)



International IDEA မှ Head of Country Office Mr. Mark McDowell ဦးဆောင်သော အဖွဲ့ ၇-၂-၂၀၁၇ (ထ-၁)



စင်္ကာပူနိုင်ငံသံရုံးမှ သံမှူးကြီး Mr. Koh Chee Chain ၇-၂-၂၀၁၇ (ထ-၂)



**အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏လုပ်ငန်း ဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။အစီအစဉ် (၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဒေါ်မြတ်သီတာထွန်း (အဖွဲ့ဝင်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ)။** ။လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီဝင် ဒေါ်မြတ်သီတာထွန်း ဖြစ်ပါတယ်။ အစိုးရ မဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီရဲ့ တာဝန်ပေးချက်အရ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**

**နိဒါန်း**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးကာလအတွင်း၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၇)ရက်နေ့မှာ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် ဆုံးဖြတ်ချက်များအရ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်း များ ဆိုင်ရာကော်မတီကို စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

**ရည်ရွယ်ချက်**

၂။ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး က ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး က အတွင်းရေးမှူး ဖြစ်ပြီး၊ စုစုပေါင်းအဖွဲ့ဝင် (၁၅)ဦးနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ကော်မတီ ဖွဲ့စည်းရခြင်းရဲ့ ရည်ရွယ်ချက်က အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စိစစ်ကြပ်မတ် ကူညီဆောင်ရွက်နိုင်ရန် ဖြစ်ပါတယ်။

**အစည်းအဝေးများကျင်းပခြင်း**

၆။ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဟာ စတင်ဖွဲ့စည်းတဲ့ နေ့ကစပြီး ဒီနေ့အထိ ကော်မတီအစည်းအဝေးများ (၁၄)ကြိမ်၊ ဝန်ကြီးဌာနနဲ့ အစည်းအဝေးများ (၂)ကြိမ်၊ NGO အဖွဲ့အစည်းများနဲ့ အစည်းအဝေး(၁)ကြိမ် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါတယ်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၇။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကော်မတီရဲ့ ဆောင်ရွက်ချက်များကို တင်ပြပါမယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ ကော်မတီအနေနဲ့ ဥပဒေ(၂)ရပ်ကို လေ့လာသုံးသပ်ခဲ့ရပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေနဲ့ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေတို့ ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ကော်မတီ အစည်းအဝေးများ ကျင်းပကာ လေ့လာဆွေးနွေး သုံးသပ်ခဲ့ပြီး ပြင်ဆင်ချက်(၁၅)ချက်၊ ပြင်ဆင်ဖြည့်စွက်ချက် (၄)ချက်နဲ့ ပယ်ဖျက်ချက် (၄)ချက်တို့ပါဝင်တဲ့ အကြံပြုချက်များကို လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်ချက်အရ ဥပဒေ၊ နည်းဥပဒေတို့နဲ့အညီ လွှတ်တော်အတွင်း အဆင့်ဆင့် ဆွေးနွေးဆောင်ရွက်ခဲ့ရာမှာ အခုဆိုရင် ဒီ ဥပဒေဟာ (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်-၄၁) အဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။

၈။ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကိုတော့ ကော်မတီက လေ့လာသုံးသပ်ခဲ့ပြီး လွှတ်တော် ဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်အရ သက်ဆိုင်ရာဝန်ကြီးဌာနက ဦးဆောင်ရေးဆွဲနိုင်ဖို့အတွက် လွှဲပြောင်းပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။

၉။ ကော်မတီဟာ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ၊ နိုင်ငံတော်အတွင်း ဖွဲ့စည်းထားရှိတဲ့ NGO, INGO များရဲ့ ဖွဲ့စည်းထားရှိမှုနဲ့ လုပ်ငန်းဆောင်ရွက်မှုအခြေအနေတွေကို သိရှိနိုင်ဖို့အတွက် ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပပြီး ဆွေးနွေးခဲ့ပါတယ်။

၁၀။ ဝန်ကြီးဌာနများနဲ့ MoU လက်မှတ်ရေးထိုးထားတဲ့ NGOs, INGOs များအနေနဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာမှာ တွေ့ကြုံရတဲ့အခက်အခဲများ၊ ဥပဒေ၊ နည်းဥပဒေအတိုင်း ဆောင်ရွက်ရာမှာ အားနည်းချက်၊ အားသာချက်များ ရှိ/မရှိ သိရှိနိုင်ဖို့အတွက် ပထမဆုံးအကြိမ်အနေနဲ့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ MoU လက်မှတ်ရေးထိုးထားတဲ့ INGOs (၄၃)ခုမှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါတယ်။

၁၁။ မြန်မာလွှတ်တော်ကို အကူအညီများပေးနိုင်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနဲ့ ပတ်သက်ပြီး ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူး တို့အား (Westminster Foundation)မှ တာဝန်ရှိသူများနဲ့ (National Democratic Institute)မှ တာဝန်ရှိသူများမှ လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့ကြပါတယ်။ ဆက်လက်ပြီး ကော်မတီရဲ့ လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များကို အစီရင်ခံပါမယ်။

**လေ့လာတွေ့ရှိချက်နှင့်သုံးသပ်ချက်များ**

၁၂။ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များမှာ-

(က) ကော်မတီက တာဝန်ယူပြင်ဆင်ရေးဆွဲပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ လွှတ်တော်ကအတည်ပြုပြဋ္ဌာန်းခဲ့တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေအား လက်တွေ့ အကောင်အထည်ဖော် နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ နည်းဥပဒေ အမြန်ဆုံးပြင်ဆင် ရေးဆွဲရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ခ) ကော်မတီအနေနဲ့ NGOs, INGOs များနဲ့ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ရာက တစ်ဆင့် ၎င်းတို့ရဲ့လူမှုအထောက်အကူပြု ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ တွေ့ကြုံနေရတဲ့ အားသာချက်၊ အားနည်းချက် အခက်အခဲများကို ပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့တဲ့အတွက် ထိရောက်အကျိုးရှိခဲ့ပါတယ်။ ကော်မတီအနေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနများနဲ့ MoU လက်မှတ်ရေးထိုးထားသော NGOs, INGOs များနဲ့ တွေ့ဆုံဆွေးနွေးမှုများကိုလည်း ဆက်လက် ပြုလုပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ရှင်။

**နိဂုံး**

၁၃။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များရှင်။ အစီရင်ခံစာရဲ့ နိဂုံးချုပ်အနေနဲ့ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးကိုရည်မှန်းပြီး အန္တောင်အဖွဲ့ကင်းစွာနဲ့ ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ပါဝင်ပူးပေါင်းဆောင်ရွက်လာမယ့် NGOs, INGOs များကို လိုအပ်တဲ့ဘက်မှ ဖြည့်ဆည်းပေးခြင်းအားဖြင့် နိုင်ငံတော်အကျိုးကို တစ်ဖက်တစ်လမ်းမှ သယ်ပိုးဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် အစီရင်ခံတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဒေါက်တာဇော်လင်းထွန်း (ဥက္ကဋ္ဌ၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ)**

။　　။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွန်း ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ စတုတ္ထပုံမှန် အစည်းအဝေးကာလအထိ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ အကျဉ်းချုပ်ကို သာ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်**

**ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ စတုတ္ထပုံမှန်အစည်းအဝေးကာလအထိ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ**

**နိဒါန်း**

၁။　　အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီကို အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၆) အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၆-၁၂-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၆)အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၄)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ကော်မတီ၏ လုပ်ငန်းတာဝန်(၁၁)ချက်၊ လုပ်ပိုင်ခွင့်(၉)ချက်၊ ရပိုင်ခွင့်နှင့် အခွင့်အရေး(၄)ချက် အသီးသီးချမှတ် တာဝန်ပေးအပ်ခဲ့ပါတယ်။

**ဆောင်ရွက်ချက်များ**

၄။　　ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများအနက် The Lunacy Act ဥပဒေကိုပြင်ဆင်သည့် စိတ်ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေရေးဆွဲနိုင်ရေးနှင့် အမျိုးသားဆေးဝါးဥပဒေကို စိစစ်လေ့လာသုံးသပ်နိုင်ခဲ့ပါသည်။ တိုင်ကြားစာများ လိပ်မူ(၁၀)စောင်၊ မိတ္တူ(၁၆)စောင်၊ စုစုပေါင်း(၂၆) စောင်ရှိခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင် ရွက်ပေးနိုင်ခဲ့ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဘတ်ဂျက်ဆိုင်ရာများအား စိစစ်ခြင်း၊ ပြင်ဆင်ခြင်း၊ အတည်ပြုခြင်းများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒုတိယအကြိမ်၊ စတုတ္ထပုံမှန်အစည်းအဝေးကာလအတွင်း အပတ်စဉ် ကော်မတီ အစည်းအဝေးများကို (၂၁) ကြိမ် ပြုလုပ်နိုင်ခဲ့ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် (၄)ကြိမ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်(၁)ကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ UNAIDS, WHO, Global Fund အစရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် (၅)ကြိမ် လက်ခံတွေ့ဆုံခဲ့ပါတယ်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် (၃)ကြိမ်၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများသို့ (၁၇)ကြိမ် တက်ရောက်ခဲ့ပါတယ်။ အမေရိကန်၊ အီတလီ၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံများသို့ ပါလီမန်ဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများသို့

တက်ရောက်နိုင်ခဲ့ပါတယ်။ လွှတ်တော် ပိတ်ရက်ကာလများတွင် ကော်မတီဝင်အသီးသီးသည် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေများသို့ ကျန်းမာရေးကိစ္စများနှင့်ပတ်သက်၍ မဲဆန္ဒရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်**

၅။ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ပြည်သူ့ဆေးရုံအများစုတွင် ရှားပါးဆေးဝါးများနှင့် တန်ဖိုးကြီး ဆေးဝါးများကို ယနေ့တိုင်ဝယ်ယူသုံးစွဲနေရကြောင်း တွေ့ရှိရပါတယ်။ ပြည်သူ့ဆေးရုံများတွင် သန့်ရှင်းမှုအားနည်းခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ ဆောင်ရွက်ရသော တာဝန်ဝတ္တရားများနှင့် လုပ်အချိုးအင်အားမမျှတခြင်း၊ ဝန်ထမ်းအင်အားမပြည့်ဝခြင်း၊ တာဝန်ကျရာနေရာဒေသတွင် တာဝန်ထမ်းဆောင်မှုမရှိခြင်းများကို တွေ့ရှိရပါတယ်။ ဝန်ထမ်း အပြောင်းအရွှေ့တွင် တာဝန်ရှိသူများအနေဖြင့် လုပ်ပိုင်ခွင့်များကို လွဲမှားစွာအသုံးချနေကြောင်း တွေ့ရှိရပါတယ်။ တိုင်းရင်းဆေးကဏ္ဍနှင့်ပတ်သက်၍ တိုင်းရင်းဆေးလောက ခေတ်မီတိုးတက်စေရန် တိုင်းရင်းဆေးပညာကို သင်ရိုးညွှန်းတမ်းများနှင့်အညီ ဘာသာရပ်များ ခွဲခြားပေးနိုင်ပါရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ အားကစားကဏ္ဍတွင် ပုဂ္ဂလိကသို့ ငှားရမ်းထားသော နိုင်ငံပိုင်အားကစားကွင်းများ၊ ပန်းခြံများတွင် ပြည်သူများလွတ်လပ်စွာ ဝင်ရောက်ကစားနိုင်ခွင့် လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ယဉ်ကျေးမှုဆိုင်ရာကဏ္ဍတွင် မြန်မာ့တိုင်းရင်းသားများ၏ စာပေကဏ္ဍကို မြှင့်တင်ပေးနိုင်ရန်အတွက် ဆောင်ရွက်ချက်ရှိသော်လည်း ထိရောက်စွာ သင်ကြားပေးနိုင်ခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါတယ်။ တိုင်းရင်းသားအားလုံး၏ ဓလေ့များ၊ ရသစာပေများ၊ သမိုင်းယဉ်ကျေးမှုများ၊ တိုင်းရင်းသားများကို မြင့်မားလာအောင် ဆောင်ရွက်ရန် အားနည်းနေကြောင်းတွေ့ရှိရပါတယ်။

**သုံးသပ်ချက်**

၆။ ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ပြည်သူများကို နွေးထွေးစွာဆက်ဆံမှုလိုအပ်ကြောင်း သုံးသပ်လေ့လာတွေ့ရှိရပါတယ်။ တိုင်းရင်းဆေးကဏ္ဍနှင့်ပတ်သက်၍ တိုင်းရင်းဆေးဝါး၊ ဆေးပင်များဖြင့် လူနာကုသမှု မှတ်တမ်းများကို သုတေသနပြု၍ ဗဟိုသို့စုစည်းတင်ပို့နိုင်လျှင် ကုသမှုဆိုင်ရာ Data အချက်အလက်များ ရရှိနိုင်မည်ဖြစ်ကြောင်း လေ့လာသုံးသပ်မိပါတယ်။ တိုင်းရင်းသားလူမျိုးများအားလုံးတို့သည် မိမိတို့၏ စာပေ၊ ဂီတ၊ ယဉ်ကျေးမှု အနုပညာများအပြင် မိမိတို့၏ မူရင်းလူမျိုး အမည်များကိုလည်း ပျောက်ကွယ်သွားခြင်း မရှိစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သင့်ပါတယ်။

**အကြံပြုချက်**

၇။ ပြည်သူလူထု၏ ကျန်းမာရေးအသိပညာ တိုးတက်လာစေရန် သက်ဆိုင်ရာစာပေ၊ ဘာသာစကားများဖြင့် ကျေးလက်ဒေသအရောက် ပညာပေးခြင်းကို ထိရောက်စွာ ဆောင်ရွက်သင့်ပါတယ်။ ဆင်းရဲ နွမ်းပါးသည့် ပြည်နယ်များအတွက် Free Medical Service ကို ကျင့်သုံးသင့်သလို ယခုမှစတင်၍ အမျိုးသားကျန်းမာရေးအာမခံစနစ်ဖြစ်ပေါ်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါတယ်။ အားကစားလောက တိုးတက်လာစေရေးအတွက် သက်ဆိုင်ရာအဖွဲ့ချုပ်

များအလိုက် လုပ်ဆောင်မှုများအပြင် အစိုးရ၏ကူညီပံ့ပိုးပေးမှုများလည်း ဆောင်ရွက်သင့်ကြောင်း အကြံပြု တင်ပြ အပ်ပါတယ်။

**နိဂုံး**

၈။ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ စတုတ္ထပုံမှန် အစည်းအဝေးအထိ (၁) နှစ်တာကာလအတွင်း ကိုယ်စားလှယ်များ၏ မဲဆန္ဒနယ်မြေအလိုက် ပြည်သူလူထုနှင့်ထိတွေ့ပြီး ပြည်သူများ၏အသံကို နားထောင်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ အားကစားလောက တိုးတက်ရေး ဆောင်ရွက်ချက်များ၊ ယဉ်ကျေးမှုနယ်ပယ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများအတွက် အတိုင်းအတာတစ်ခုအထိ စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်၍လည်း ကျန်းမာရေး၊ အားကစား၊ ယဉ်ကျေးမှုကဏ္ဍများအလိုက် တိုးတက်မြင့်မားစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို (၂၀)မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု တိုင်းရင်းသားရေးရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဒေါ်သီရိရတနာ (အဖွဲ့ဝင်၊ တိုင်းရင်းသားရေးရာကော်မတီ)။** ။ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့် နိုင်ငံသူ၊ နိုင်ငံသားများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမျိုးသားလွှတ်တော် တိုင်းရင်းသား ရေးရာကော်မတီဝင် ဒေါ်သီရိရတနာ ဖြစ်ပါတယ်။ ကော်မတီ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်သက်တမ်း တစ်နှစ် အတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ အချိန်ကိုငဲ့ကွက်သောအားဖြင့် အနှစ်ချုပ်ကိုသာ ဖတ်ကြားတင်ပြသွားမှာဖြစ်ပြီး အပြည့်အစုံကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

### အမျိုးသားလွှတ်တော်
### တိုင်းရင်းသားရေးရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်
### ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

**နိဒါန်း**

၁။ အမျိုးသားလွှတ်တော်သည် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်နှင့် တိုင်ရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုကိစ္စများကို မြှင့်တင်ဖော်ဆောင်ပေးနိုင်ရေးတို့အတွက် တိုင်းရင်းသားရေးရာကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၃။ ကော်မတီ၏ဆောင်ရွက်ချက်များကို တင်ပြပါ့မယ်-

(က) ကော်မတီအစည်းအဝေးများကျင်းပခြင်းအား စတင်ဖွဲ့စည်းစဉ်မှ ယနေ့အထိ အစည်းအဝေးပေါင်း (၁၇)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။

(ခ) ပြည်ပအဖွဲ့အစည်းများအား လက်ခံတွေ့ဆုံခြင်းအနေဖြင့် ပြင်သစ်နိုင်ငံသံရုံးမှ သံအမတ်ကြီး၊ အမေရိကန်သံရုံးမှ ဒုတိယအကြီးအကဲ၊ ပြင်သစ်နိုင်ငံအထက်လွှတ်တော် စီးပွားရေးရာကော်မရှင်ဥက္ကဋ္ဌ၊ ဆွီဒင်နိုင်ငံ အောက်လွှတ်တော်အမတ်တို့ကို လက်ခံ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များ၊ ၂၁ ရာစု ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ စီးပွားရေး၊ နိုင်ငံရေးနှင့် မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များအတွက် နိုင်ငံ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြပါတယ်။

(ဂ) ကော်မတီသည် ဥပဒေကြမ်းကော်မတီက ပေးပို့လာသော ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးဥပဒေကို လေ့လာစိစစ်ခဲ့ပါတယ်။

(ဃ) ကော်မတီ၏ဦးဆောင်မှုဖြင့် ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို လွှတ်တော် အတွင်း (၂)ရက်တာ ဦးဆောင်ကျင်းပနိုင်ခဲ့ပါတယ်။

(င) ကော်မတီဝင်များသည် တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက် ရေးနှင့်စပ်လျဉ်းသော အဆိုများတွင် ပါဝင်ဆွေးနွေးခြင်း၊

(စ) သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကျင်းပပြုလုပ်သည့် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအချင်းအရာအလိုက်၊ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းနှင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၌ကျင်းပသော (၆၈)ကြိမ်မြောက်ပအိုဝ်းအမျိုးသားနေ့ အခမ်းအနား သို့ တက်ရောက်ခြင်းများကိုလည်း ပြုလုပ်ခဲ့ကြပါတယ်။

(ဆ) ကော်မတီအနေဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ တိုင်းရင်းသား လူမျိုးများအကျိုးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး အထောက်အပံ့ပြုနိုင်ရန်အတွက် ပြည်ထောင်စု ဝန်ကြီးအပါအဝင် ဝန်ကြီးဌာနရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါတယ်။ ကော်မတီသည် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနမှ ပြုစုရေးဆွဲလျက်ရှိသော တိုင်းရင်းသားအခွင့်အရေး ကာကွယ်ရေးနည်းဥပဒေများ ရေးဆွဲရာတွင်လည်း ပါဝင်ဆောင်ရွက်လျက် ရှိပါတယ်။ အသေးစိတ်ကို အစီရင်ခံ စာမှာဖော်ပြထားပါတယ်။ ကော်မတီဥက္ကဋ္ဌသည်လည်း နိုင်ငံတော်မှ ဖော်ဆောင်နေ သည့် ပြည်တွင်းငြိမ်းချမ်းရေး ၂၁ ရာစုပင်လုံ အကောင်အထည်ဖော်ရေးတို့တွင် အဓိကအဖွဲ့အစည်းများဖြစ်သည့် UPDJC၊ NRPC နှင့် JCB တို့တွင် ပါဝင်၍ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။

(ဇ) ကော်မတီ၏ ကွင်းဆင်းလေ့လာရေးအနေဖြင့် တိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ပိုမိုဖော်ထုတ် ပျိုးထောင်ပေးနိုင်ရန် အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ

စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(အုန်းတော)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(ရွာသစ်ကြီး)သို့ သွားရောက်ကွင်းဆင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**ကော်မတီရဲ့ အကြံပြုချက်များ**

၄။ ကော်မတီရဲ့ အကြံပြုချက်များကို ဆက်လက်တင်ပြပါ့မယ်ရှင်-

(က) လွှတ်တော်ကော်မတီများ ဖွဲ့စည်းရာတွင် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး အပါအဝင် အဖွဲ့ဝင်များကို ရွေးချယ်ရာ၌ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းကိုကြည့်ရှု၍ ခန့်အပ်တာဝန်ပေးခြင်းအပြင်၊ လွှတ်တော်ကိုယ်စားလှယ် များ၏ စိတ်ပါဝင်စားမှုကို မေးမြန်းစုံစမ်းပြီး တာဝန်ပေးပါက ပိုမို၍ အကျိုးကျေးဇူး ရှိနိုင်မှာ ဖြစ်ပါတယ်။

(ခ) လွှတ်တော်ကော်မတီများအတွင်းရှိ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲတာဝန်ပေးအပ်ခြင်းတို့အား လွှတ်တော်သက်တမ်း(၅)နှစ်အတွင်း အများဆုံး (၂) ကြိမ်ခန့်သာ ပြောင်းလဲသင့်ပါတယ်။ သို့မှသာ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မိမိကျရာကော်မတီများရဲ့ လုပ်ငန်းတာဝန်များကို ပိုမိုထိတွေ့ပြီး၊ ပိုမို ထိရောက်စွာ ထမ်းဆောင်နိုင်မှာဖြစ်ပါတယ်။

(ဃ) လွှတ်တော်တွင် ဖွဲ့စည်းထားရှိပြီးဖြစ်သော ကော်မတီများ၏ အမည်များအား လက်ရှိအစိုးရဝန်ကြီးဌာနများ၏ အမည်များအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဖြင့် လွှတ်တော်ကော်မတီများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအကြားမှာ ဆက်သွယ်မှု မြန်ဆန်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။

**နိဂုံး**

၈။ နိဂုံးချုပ်အနေဖြင့် အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီသည် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကိုခံယူ၍ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်နှင့် တိုင်းရင်းသားဒေသ များ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ကူညီဖော်ဆောင်ပေးမည့် ကော်မတီတစ်ရပ်ဖြစ်စေရန် အတွက် တိုင်းရင်းသားတို့၏ ဘဝအခြေအနေမှန်ကိုသိရှိရန် လိုအပ်သကဲ့သို့ တိုင်းရင်းသား အသီးသီး၏ စာပေ၊ ယဉ်ကျေးမှုများကို ထိတွေ့ဆက်ဆံနေရန် လိုအပ်ပြီး ပျောက်ကွယ်လုနီး ဖြစ်သော တိုင်းရင်းသားလူမျိုးတို့၏ အခြေအနေများအား မျက်ခြည်မပြတ် လေ့လာဆောင်ရွက်သွားရန် ရှေ့လုပ်ငန်းစဉ်များလည်း ချမှတ်ထားပြီး ဖြစ်ပါကြောင်းနှင့် ကော်မတီ၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။

တိုင်းရင်းသားရေးရာကော်မတီ။

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု တောင်သူလယ်သမားရေးရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဦးစိုးဝင်း (အတွင်းရေးမှူး၊ တောင်သူလယ်သမားရေးရာကော်မတီ)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ် ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပြီးတော့ အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာကော်မတီရဲ့ အတွင်းရေးမှူးလည်း ဖြစ်ပါတယ်။ ကော်မတီရဲ့တာဝန်ပေးအပ်ချက်အရ ကော်မတီ စတင်ဖွဲ့စည်းခဲ့တဲ့ ၁၈-၂-၂၀၁၆ ရက်နေ့မှ ၂၃-၂-၂၀၁၇ ရက်နေ့အထိ (၁)နှစ်တာ ဆောင်ရွက်ချက် အစီရင်ခံစာကို ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်**
**တောင်သူလယ်သမားရေးရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်**
**ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးကာလအတွင်းလုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**

**နိဒါန်း**

**ကော်မတီအစည်းအဝေးများကျင်းပခြင်း**

၁။ (က) ပထမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၁၂) ကြိမ်၊
(ခ) ဒုတိယပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၆) ကြိမ်၊
(ဂ) တတိယပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၅) ကြိမ်၊
(ဃ) စတုတ္ထပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၄) ကြိမ်၊
စုစုပေါင်း (၂၇)ကြိမ် ကျင်းပနိုင်ခဲ့ပါသည်။

**အပြန်အလှန်ဆွေးနွေးပွဲ(Debate) အခမ်းအနားများကျင်းပခြင်း**

၂။ (က) ၁၁-၅-၂၀၁၆ ရက်နေ့တွင် မောင်သံဒိုင်(ဘောဂဗေဒ)မှ မြန်မာနိုင်ငံစိုက်ပျိုးရေးကဏ္ဍ၏ လက်ငင်းရင်ဆိုင်နေရသောပြဿနာများ ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခြင်း၊

(ခ) ၂၃-၅-၂၀၁၆ ရက်နေ့တွင် Landesa အဖွဲ့မှ လုပ်ကွက်ငယ် တောင်သူလယ်သမားများအား အထောက်အပံ့ပေးရေးအစီအစဉ်ဖြင့် ဆွေးနွေးဟောပြောခြင်း၊

(ဂ) ဆရာဦးမောင်မောင်ညွန့် မှ မြန်မာနိုင်ငံမြေသိမ်းလက်စွဲဥပဒေ ခေါင်းစဉ်ဖြင့် ၁-၆-၂၀၁၆ ရက်နေ့တွင်(၁)ကြိမ်၊ ၂-၆-၂၀၁၆ ရက်နေ့တွင်(၁)ကြိမ်၊ ပေါင်း(၂)ကြိမ် ဆွေးနွေးဟောပြောခဲ့ခြင်း၊

(ဃ) ဆရာဦးမောင်မောင်ညွန့်၊ ဆရာဦးရွှေသိန်း၊ ဆရာဦးဇော်မင်းနှင့် ဆရာဦးစောလှိုင်တို့မှ မြေသိမ်းဆည်းရေးအက်ဥပဒေဆိုင်ရာ ခေါင်းစဉ်ဖြင့် ၈-၈-၂၀၁၆ ရက်နေ့တွင်(၁)ကြိမ်၊ ၁၅-၈-၂၀၁၆ ရက်နေ့တွင်(၁)ကြိမ်၊ ၂၂-၈-၂၀၁၆ ရက်နေ့တွင်(၁)ကြိမ်၊ စုစုပေါင်း(၃)ကြိမ် ဆွေးနွေးဟောပြောခဲ့ခြင်း၊

(င) ၁၂-၉-၂၀၁၆ ရက်နေ့တွင် ဆရာ ဦးမောင်မောင်ညွန့်၊ ဆရာ ဦးရွှေသိန်း၊ ဆရာ ဦးဇော်မင်းနှင့် ဆရာ ဦးစောလှိုင်တို့မှ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခြင်း၊

(စ) ၁၃-၉-၂၀၁၆ ရက်နေ့တွင် ဆရာ ဦးရွှေသိန်း၊ ဆရာ ဦးကျော်စိန်၊ ဆရာ ဦးအေးမောင်စိန်တို့မှ ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမှုမူဝါဒ ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခြင်းဖြင့် ဆွေးနွေးဟောပြောခြင်း(၉)ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။

**တောင်သူလယ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း**

၃။ (က) ၁၁-၈-၂၀၁၆ ရက်နေ့တွင် ပြင်ဦးလွင်နှင့် ပုသိမ်ကြီးမြို့နယ်တို့မှ တောင်သူလယ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊

(ခ) ၂၆-၉-၂၀၁၆ ရက်နေ့တွင် တံခွန်အေလာ အခြေခံလယ်ယာလုပ်သားအဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်းတို့(၂)ကြိမ် တွေ့ဆုံနိုင်ခဲ့ပါတယ်။

**နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း**

၄။ (က) ၁၇-၈-၂၀၁၆ ရက်နေ့တွင် World Bank and Asian Development Bank Joint Scoping Mission မှ Mr. Surhid Gautam ခေါင်းဆောင်သောအဖွဲ့နှင့် တွေ့ဆုံခြင်း၊

(ခ) ၂၀-၉-၂၀၁၆ ရက်နေ့တွင် World Bank မှ Lead Land administration Specialist, Mr. Mika-Petteri Torhonen အဖွဲ့နှင့်တွေ့ဆုံခြင်း၊

(ဂ) ၁၈-၁၁-၂၀၁၆ ရက်နေ့တွင် World Bank မှ Director of Social, Urban, Rural and Resilience General Practice, Ms, Anna Wellenstein အဖွဲ့နှင့် တွေ့ဆုံခြင်း၊ စုစုပေါင်း(၃)ကြိမ် တွေ့ဆုံနိုင်ခဲ့ပါတယ်။

**ကော်မတီသို့ လေ့လာသုံးသပ်တင်ပြရန် တာဝန်ပေးအပ်ထားသော ဥပဒေများနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ**

၅။ ကော်မတီသို့ လေ့လာသုံးသပ်တင်ပြရန် The Burma Post Office Act (1898)နှင့် The Land Acquisition Act , 1894 ဥပဒေ(၂)ရပ်ကို တာဝန်ပေးအပ်ခဲ့ရာ The Burma Post Office Act (1898)ဥပဒေကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့်အတွက် မိမိတို့ကော်မတီအနေဖြင့် The Land Acquisition Act , 1894 မြေသိမ်းအက်ဥပဒေကို မြေသိမ်းဥပဒေမူကြမ်းအဆင့် ရောက်သည်အထိ ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

**ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တွေ့ဆုံခြင်း**

၆။ (က) ၁၄-၁၂-၂၀၁၆ ရက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေးခြင်း၊

(ခ) ၁၆-၂-၂၀၁၇ ရက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် (၂)ကြိမ် တွေ့ဆုံနိုင်ခဲ့ပါတယ်။

**လက်ခံရရှိသော တိုင်ကြားစာများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိခြင်း**

၇။ ကော်မတီသို့ တစ်နှစ်အတွင်း တိုင်ကြားစာ စောင်ရေ (၁၅၇၅)စောင် ရောက်ရှိလာခဲ့ပြီး ဆောင်ရွက်ရန်ရှိသည့် တိုင်ကြားစာများကို တိုင်ကြားသူများထံ အကြောင်းပြန်၍ ကော်မတီ၏ စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များနှင့်အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၏ လမ်းညွှန်ချက်ဖြင့် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီရှိ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများသို့(၁၂၅)စောင် ပေးပို့ခဲ့ပြီး ဆောင်ရွက်ဆဲအမှုတွဲ(၁၁)စောင်နှင့် ဆောင်ရွက်ရန်မလိုတော့သည့် တိုင်ကြားစာစောင်ရေ (၁၄၃၉)စောင်ကိုလည်း တွဲသိမ်းခြင်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**အခြားဆောင်ရွက်ချက်များ**

၈။ ကော်မတီအနေဖြင့် စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသုတေသနဌာနသို့ သွားရောက်လေ့လာခဲ့ခြင်းနှင့် အခါအားလျော်စွာ ဖိတ်ကြားလာသည့် အပြန်အလှန်ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့လည်း တက်ရောက်ဆွေးနွေးခဲ့ကြပါတယ်။

**နိဂုံး**

၉။ နိဂုံးချုပ်အနေဖြင့် ကော်မတီသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုလျက် လယ်ယာကဏ္ဍနှင့် ပတ်သက်သည့် ဥပဒေကောင်းများဖြစ်ပေါ်လာရေး၊ ပြည်သူများထံမှ ပေးပို့ရောက်ရှိလာသည့် တိုင်ကြားစာများနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးနှင့် ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်မူဘောင်များ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏

လမ်းညွှန်ချက်များနှင့်အညီ အစဉ်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၁။**

**နော်လှလှစိုး (အတွင်းရေးမှူး၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး ဖြစ်ပြီးတော့ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီရဲ့ အတွင်းရေးမှူးလည်း ဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာများကို ၁၈-၂-၂၀၁၆ ရက်နေ့မှ ၁၇-၂-၂၀၁၇ အထိ တစ်နှစ်တာ ဆောင်ရွက်ချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်**
**အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ**
**ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်း ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**

**နိဒါန်း**

၁။ အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီသည် နိုင်ငံတော်ရှိ အမျိုးသမီးနှင့်ကလေးသူငယ်များ၏ ရပိုင်ခွင့်များနှင့်အခွင့်အရေးများကို အပြည့်အဝခံစားရရှိစေရန်နှင့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေးအတွက် ကော်မတီကို ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပထမပုံမှန် အစည်းအဝေးကာလအတွင်း ၁၈-၂-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၆)နှင့် စတင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ်။

၂။ ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး တို့အပါအဝင် ကိုယ်စားလှယ်(၁၅)ဦးနှင့် ပါဝင်ဖွဲ့စည်းထားပါတယ်။ ၎င်းတို့ရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို ရုံးဝန်ထမ်း (၅)ဦးမှ တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။

၃။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်သက်တမ်း (၁)နှစ်အတွင်း ပြုလုပ်ခဲ့တဲ့ အစည်းအဝေးများမှာ ပြင်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း(၂၁)ကြိမ်၊ ဝန်ကြီးဌာနများနှင့်(၂)ကြိမ်၊ ကော်မတီညှိနှိုင်း(၁၃)ကြိမ်၊ တိုင်ကြားသူများနှင့်(၁)ကြိမ်၊ စုစုပေါင်း(၃၇)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

၄။ တိုင်ကြားစာ(၂၆)ခုအနက်မှ (၁၁)စောင်သည် ကော်မတီအား တိုက်ရိုက်တိုင်ကြား၍ ထိရောက်စွာ အရေးယူ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ကျန်(၁၅)စောင်မှာ တိုက်ရိုက်သက်ဆိုင်သော ကိစ္စများ မဟုတ်သည့်အတွက် သင့်တော်ရာကော်မတီများအား လွှဲပြောင်းပေးခဲ့ပါသည်။

## Debate (အပြန်အလှန်ဆွေးနွေးခြင်း)

၅။ ကော်မတီသည် လွှတ်တော်အတွင်း အပြန်အလှန်ဆွေးနွေးခြင်း (Debate)ပွဲအား (၁) အမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာစီမံကိန်းနှင့် (၂) ကျား/မ အခြေပြု အကြမ်းဖက်မှုမှ ကာကွယ်ရေး စသည့်ခေါင်းစဉ်များဖြင့် လွှတ်တော်ကိုယ်စားလှယ်များ ဗဟုသုတရရှိစေရန်နှင့် ဆွေးနွေးမှုအရည်အသွေး မြင့်မားလာစေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

၆။ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု(၁၉)ကြိမ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှကာကွယ်ရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေး ကာကွယ်ရေးဥပဒေများအတွက် ကြားနာမှု (၆)ကြိမ်၊ အစည်းအဝေးများ တက်ရောက်မှု (၁၂၇)ကြိမ်၊ ပြည်ပခရီးစဉ်များ ဒိန်းမတ်၊ ဆွစ်ဇာလန်၊ အိန္ဒိယ၊ ထိုင်း၊ နီပေါ၊ ဘယ်လ်ဂျီယံ(၆)ကြိမ်၊ နိုင်ငံတကာအစီရင်ခံစာတင်သွင်းမှု CEDAW (၁)ကြိမ် ပြုလုပ်နိုင်ခဲ့၍ ကော်မတီအဖွဲ့ဝင်များအတွက် စွမ်းရည်မြှင့်တင်မှုများကို ပြုလုပ်နိုင်ခဲ့ပါတယ်။

## ကော်မတီဝင်များ၏ လုပ်ဆောင်ချက်များ

၇။ (က) ကော်မတီဝင်များသည် လွှတ်တော်ရပ်နားချိန်များတွင် မိမိမဲဆန္ဒနယ်များ၌ မဲဆန္ဒရှင်များနှင့်တွေ့ဆုံ၍ ကော်မတီ၏ လုပ်ငန်းရပ်များကို ရှင်းပြဆွေးနွေးခဲ့ပြီး အမျိုးသမီးနှင့် ကလေးများနှင့်ဆိုင်သော အမှုစီရင်မှုများကို တရားရုံးများ၌ လေ့လာသူအဖြစ် တက်ရောက် ကြားနာခဲ့ပါသည်။

(ခ) နိုင်ငံတော်အဆင့် သက်ငယ်မုဒိမ်းကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး လှုပ်ရှားရေးကော်မတီ၏ မဟာဗျူဟာ စီမံကိန်းရေးဆွဲမှုတွင်ပါဝင်ခဲ့ပါသည်။ ၎င်းလှုပ်ရှားမှုများအတွက် ဘိုကလေး၊ အင်းစိန်၊ မင်္ဂလာဒုံမြို့နယ်များအတွင်း လက်ကမ်းစာစောင်များ ဝေငှခြင်း၊ တီရှပ်များဖြန့်ဝေခြင်း၊ ဟောပြောပွဲများ စီစဉ်ခြင်းတို့ကို ကျေးရွာ၊ ရပ်ကွက်အဆင့်အထိ ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

(ဂ) တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်တွင် Women & Caucus ဖွဲ့စည်းပြီး အာရော ဂျကာရီ ကျန်းမာရေးဖောင်ဒေးရှင်းက လူဦးရေ(၁၀၀၀)ကို ဘီပိုးစစ်ပြီး ကာကွယ်ဆေး ထိုးပေးခဲ့ပါသည်။

(ဃ) ၃၀-၁-၂၀၁၇ ရက်နေ့တွင် ကုလသမဂ္ဂ၊ လူ့အခွင့်အရေး ကိုယ်စားလှယ် မစ္စ ယန်ဟီလီနှင့် လွှတ်တော်တွင် တွေ့ဆုံပြီး ကော်မတီ၏လှုပ်ရှားမှု၊ ရှေ့လုပ်ငန်းစဉ် CEDAW နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ပါသည်။

(င) ရခိုင်ပြည်နယ် မဲဆန္ဒနယ်တွင် UNICEF'S UNITE For CHILDREN အဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်ပြီး ကလေးသူငယ်အခွင့်အရေးများအတွက် ဆောင်ရွက်ခဲ့ပါသည်။

(စ) လမ်းပေါ်လူငယ်များကို လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော လူငယ်သင်တန်း ကျောင်းသို့ ပို့လွှတ်၍ ပြုစုစောင့်ရှောက်မှုများ ပေးခဲ့ပါသည်။

(ဆ) လူကုန်ကူးခံရသူများအား ဒေသဆိုင်ရာရဲစခန်း၊ တာဝန်ရှိသူတို့နှင့် ဆက်သွယ်ညှိနှိုင်း ပြီး ပြန်လည်လွတ်မြောက်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၈။ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းများကို ဒုတိယ အကြိမ်၊ အမျိုးသားလွှတ်တော်သက်တမ်းကာလ (ပထမနှစ်)အတွင်း ကောင်းမွန်စွာ လုပ်ဆောင်နိုင်ခဲ့ ပါသည်။ တိုင်ကြားစာများအား အရေးယူဆောင်ရွက်မှုနှင့် ပတ်သက်၍ ပထမပိုင်းတွင် အတွေ့အကြုံ အားနည်းသော်လည်း နောက်ပိုင်းတွင် ကော်မတီ၏ ဆုံးဖြတ်ချက်များ၊ အဖွဲ့ဝင် ဥပဒေပညာရှင်များ၏ အကြံပြုချက်များဖြင့် ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

မိတ်ဖက်အဖွဲ့အစည်းနှင့် ဌာနများဖြစ်ကြသော လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း လက်အောက်ခံများဖြစ်သော UN Women, UNDP, UNFPA, UNIAP, UNICEF, UNAIDS၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းခဲ့ပါသည်။

**နိဂုံး**

၉။ နိဂုံးချုပ်အနေဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်း များကို လမ်းညွှန်ပံ့ပိုးခဲ့သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရုံးအဖွဲ့ဝင်အမှုထမ်း၊ အရာထမ်းများ အနီးကပ်ကူညီဆောင်ရွက်ပေးခဲ့ပါသော အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးဆိုင်ရာကော်မတီ၏ ရုံးဝန်ထမ်းများ၊ လက်တွဲလုပ်ဆောင်ခဲ့ပါသော အစိုးရအဖွဲ့အစည်း နှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများအား ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ
အမျိုးသားလွှတ်တော်

## အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပညာရေးမြှင့်တင်မှုကော်မတီ က အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၈။**

**ဦးကျော်တုတ်(အတွင်းရေးမှူး၊ ပညာရေးမြှင့်တင်မှုကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပညာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်တုတ် ဖြစ်ပါတယ်။ ကော်မတီ၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ၊ တွေ့ရှိအကြံပြုချက်များကို ကော်မတီ၏တာဝန်ပေးချက်အရ အစီရင်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

### အမျိုးသားလွှတ်တော်
### ပညာရေးမြှင့်တင်မှုကော်မတီ
### နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှုနှင့် အကြံပြုအစီရင်ခံစာ

တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်၊ ပြည်သူ့နီတိ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် ဥပဒေများကို လေးစားလိုက်နာသော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊ ပညာအခြေပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်ဟူသော ပညာရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရေးတွင် ကူညီဆောင်ရွက်ပေးရန် ရည်ရွယ်၍ အမျိုးသားလွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီကို ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်စေခဲ့ပါတယ်။

**ကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ပညာရေးမြှင့်တင်မှုကော်မတီကို ၁၉-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၆) ဖြင့် အဖွဲ့ဝင် (၁၅) ဦးဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါတယ်။

၃။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး တာဝန်ပေးအပ်ခံရသော ဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေး အစား ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါ်နော်မြစေးကို ကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခဲ့ပါတယ်။

**ကော်မတီအစည်းအဝေးများ ကျင်းပခြင်း**

၄။ ကော်မတီစတင်ဖွဲ့စည်းသည့် ၁၉-၂-၂၀၁၆ ရက်နေ့မှ ၂၈-၂-၂၀၁၇ ရက်နေ့အထိ (၁) နှစ်တာကာလအတွင်း ကော်မတီအစည်းအဝေးများကို အောက်ပါအတိုင်း ပြုလုပ်ခဲ့သည် -

(က) ပထမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၁၂) ကြိမ်

(ခ) ဒုတိယပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၅) ကြိမ်

(ဂ) တတိယပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၃) ကြိမ်

(ဃ) စတုတ္ထပုံမှန်အစည်းအဝေးကာလအတွင်း ဖေဖော်ဝါရီလကုန်အထိ ကော်မတီ အစည်းအဝေး (၄) ကြိမ်၊ စုစုပေါင်း (၂၄) ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်။

**တွေ့ဆုံမှုများပြုလုပ်ခြင်း**

၅။ ပညာရေးမြှင့်တင်မှုကော်မတီသည် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး ခြင်းများ ပြုလုပ်ခဲ့ရာ တွေ့ဆုံဆွေးနွေးမှု (၇) ကြိမ်ပြုလုပ်ခဲ့ပြီး ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးသုတေသနဥပဒေ (ဥပဒေအမှတ် ၁၅/၁၉၇၃)ကို ရုပ်သိမ်းပြီး ပညာရေးသုတေသနဥပဒေ အသစ်တစ်ရပ်ရေးဆွဲရန် ပညာရေးမြှင့်တင်မှုကော်မတီကို တာဝန်ပေးအပ်ထားရာ ကော်မတီတွင်း လေ့လာသုံးသပ်မှုများပြုလုပ်ပြီး ပညာရေးဝန်ကြီးဌာန၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးမှုကို ၁၆-၂-၂၀၁၇ ရက်နေ့က ပြုလုပ်ခဲ့ပါတယ်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၆။ ပညာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင်များ၏ ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် လွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း (၆)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၈) ခု မေးမြန်းခြင်းဖြင့် ဒေသအကျိုး ဆောင်ရွက်ခဲ့ပါတယ်။ ဒေသတွင်းပညာရေးဆိုင်ရာ လိုအပ်ချက်များကို ဒေသခံတာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

၇။ ပညာရေးမြှင့်တင်မှုကော်မတီသည် ဝန်ကြီးဌာနများနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ဖိတ်ကြားသည့် အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ဆွေးနွေးနှီးနှောဖလှယ်ပွဲများ၊ အခမ်းအနားများသို့ တက်ရောက်ခဲ့ရာ အလုပ်ရုံဆွေးနွေးပွဲ (၅) ကြိမ်၊ ဆွေးနွေးနှီးနှောဖလှယ်ပွဲ (၂၄) ကြိမ်၊ အခမ်းအနား (၁၆) ကြိမ်၊ စုစုပေါင်း (၄၅) ကြိမ် တက်ရောက်နိုင်ခဲ့ပါတယ်။

**တွေ့ရှိအကြံပြုချက်များ**

ကော်မတီ၏ လေ့လာတွေ့ရှိအကြံပြုချက်များအနေဖြင့် အရည်အချင်းပြည့်မီသော ဆရာများရရှိရန် နေ့စားလပေး ဆွဲခန့်ဆရာများ ခန့်ထားခြင်းထက် ပညာရေးကောလိပ်၊ ပညာရေး တက္ကသိုလ်၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်တို့မှ ဆရာများ ပိုမိုတိုး၍ မွေးထုတ်ပေးခြင်းသာ ဖြစ်သင့်ပါတယ်။ တိုင်းရင်းသားဒေသများတွင် ဘွဲ့ရများခန့်ထားခြင်းထက် လိုအပ်ပါက မူဖြေလျှော့ပြီး တက္ကသိုလ်ဝင်တန်းအောင်ဖြင့် ဒေသခံတိုင်းရင်းသား ဆရာများခန့်ထားခြင်း လုပ်ဆောင်သင့်ပါတယ်။ ဆရာ၊ ကျောင်းသားအချိုး နိုင်ငံတကာနှင့်အညီ အချိုးမျှသော်လည်း ပိုသည့်နေရာပိုနေပြီး လိုသည့် နေရာလိုနေခြင်းကို ဖြေရှင်းသင့်ပါတယ်။ ရပ်ဝေးမှ ဆရာ၊ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် လိုအပ်ပါတယ်။

၉။ သင်ယူမှု၊ သင်ကြားမှု အရည်အသွေးတိုးတက်ရန် ဆရာနှင့် ကျောင်းသားများ၏ တွေးခေါ် မြော်မြင်ဆင်ခြင်မှု ဗဟုသုတ တိုးတက်ရန်အတွက် ကျောင်းတိုင်းတွင် ကျောင်းစာကြည့်တိုက်များ မဖြစ်မနေ ရှိရန် လိုအပ်ပါတယ်။ ကျောင်းအသီးသီးရှိ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီနှင့် ကျောင်းသားဟောင်းများမှ ဦးဆောင်ဦးရွက်ပြု၍ ကျောင်းစာကြည့်တိုက်များ ဖြစ်ပေါ်တည်ရှိ အောင်ကြိုးပမ်းအားထုတ်သင့်ပါတယ်။ ရေရှည်တည်တံ့ရန်နှင့် စာပေလေ့လာသူ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ပိုမိုတိုးတက်စေရန် အစီအမံများချမှတ်ပြီး အကောင်အထည်ဖော် သင့်ပါသည်ဟူသော အချက်(၈)ချက် လေ့လာတွေ့ရှိအကြံပြုတင်ပြအပ်ပါတယ်။

၁၀။ နိဂုံးချုပ်အနေဖြင့် အမျိုးသားလွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီသည် ပညာရေး ဝန်ကြီးဌာန၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆ - ၂၀၂၁) အောင်မြင်ရေးရှေးရှုလျက် ကော်မတီတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

ပညာရေးမြှင့်တင်မှုကော်မတီ
အမျိုးသားလွှတ်တော်

အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၅။**

**ဦးဥက္ကာမင်း (အဖွဲ့ဝင်၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါဆိုပြီးတော့ ဦးစွာပထမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်း ဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ အဖွဲ့ဝင်ဖြစ်သူ ဦးဥက္ကာမင်း ဖြစ်ပါတယ်။ ကော်မတီရဲ့ ၁၉-၂-၂၀၁၆ ရက်နေ့မှ ၁၀-၃-၂၀၁၇ ရက်နေ့အထိ တစ်နှစ်အတွင်းမှာ ဆောင်ရွက်ခဲ့တဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။ အစီရင်ခံစာကို အဲလိုဖတ်ကြားတင်ပြတဲ့နေရာမှာ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်တာကတစ်ကြောင်း၊ အချိန်ကို လေးစားငဲ့ညှာသောအားဖြင့် ဖြစ်တာကတစ်ကြောင်း အကျဉ်းချုပ်သာ ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်<br>ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၏<br>လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ<br>(၁/၂၀၁၇)

### ကော်မတီဖွဲ့စည်းခြင်း

၂။ အမျိုးသားလွှတ်တော်၊ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီကို အမျိုးသား လွှတ်တော်ရဲ့ ၁၉-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၃/၂၀၁၆)ဖြင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉) ရက်နေ့မှာ စတင်ပြီးတော့ အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလမှ စတုတ္ထပုံမှန်အစည်းအဝေး ကာလအတွင်းမှာ ကော်မတီအစည်းအဝေး စုစုပေါင်း (၃၃)ကြိမ် ပြုလုပ်ကျင်းပနိုင်ခဲ့ပါတယ်။

### အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း

၄။ အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်းမှာတော့ UMFCCI ၊ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း၊ ပလိပ်အမှတ် (၂)၊ အထည်စက်ရုံ၊ စဉ့်ကိုင်မြို့နယ်၊ အခြေခံ အလုပ်သမားများအဖွဲ့နှင့် တွေ့ဆုံခဲ့ပါတယ်။ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA) နှင့် တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

### ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တွေ့ဆုံခြင်း

၅။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် စုစုပေါင်း(၅) ကြိမ် တိုင်တိုင် တွေ့ဆုံခဲ့ပါတယ်။

## ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း

၆။ ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်းမှာတော့ မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်၊ Action Labor Rights ၊ မြန်မာနိုင်ငံလူ့စွမ်းအား စီမံခန့်ခွဲမှုပညာအသင်း၊ မြန်မာနိုင်ငံပင်လယ်ပျော်များအဖွဲ့ချုပ် (IFOMS)၊ မြန်မာ့လူမှု စီးပွားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့နှင့် ရှေ့ပြေးအသံ (Progressive Voice) မူဝါဒသုတေသနအဖွဲ့တို့နှင့် တွေ့ဆုံခဲ့ပါတယ်။

## ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း

၇။ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်းမှာတော့ ILO အဖွဲ့နှင့် (၃)ကြိမ်၊ ဥရောပကော်မရှင်၊ အမေရိကန်နိုင်ငံ၊ စီးပွားရေး၊ အလုပ်သမားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂရုံးမှ Political advisor ၊ မလေးရှားနိုင်ငံ Avalant International Limited မှ Country Director, Mr. Amg Koon Yew ဦးဆောင်သောအဖွဲ့၊ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီမြို့အခြေစိုက် SOLIDARITY CENTER မှ အလုပ်သမားများဆိုင်ရာ ဥပဒေရေးရာ အထူးကျွမ်းကျင်သူ Mr. Jeff Vogt နှင့် တွေ့ဆုံခဲ့ပါတယ်။

## အထွေထွေ တွေ့ဆုံခြင်း

၈။ အထွေထွေတွေ့ဆုံခြင်းမှာတော့ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းကို ကော်မတီတွင် အကြိမ်ကြိမ် ဆွေးနွေးပြီးတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့ကို ၈-၁၂-၂၀၁၆ ရက်နေ့တွင် ဖိတ်ကြား၍ ညှိနှိုင်းဆွေးနွေးကာ ၁၆-၁-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြနိုင်ခဲ့ပါတယ်။

## လက်ခံရရှိသော တိုင်ကြားစာများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိခြင်း

၉။ ၁၉-၂-၂၀၁၆ မှ ၁၀.၃.၂၀၁၇အထိ ပြည်သူများထံမှ အလုပ်သမားများနှင့် စပ်လျဉ်း၍ တိုင်ကြားစာ (၉၈) စောင် လက်ခံရရှိခဲ့ပြီးတော့ ကော်မတီသို့ မိတ္တူပေးပို့လာတဲ့ ဆောင်ရွက်ရန်မလိုတဲ့ တိုင်ကြားစာများကို ကော်မတီရဲ့ဆုံးဖြတ်ချက်ဖြင့် ဖိုင်တွဲသိမ်းဆည်းသည့်အမှုတွဲပေါင်း (၆၄) စောင်၊ ကော်မတီအဖွဲ့ဝင်များမှ တိုင်ကြားသူကာယကံရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ပြီး အမှုတွဲ (၁၁)စောင်၊ ဆောင်ရွက်ပြီး ပန်ဒါချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ (ပလိပ်)အမှုတွဲ (၁၀) စောင်၊ လက်ရှိဆောင်ရွက်ဆဲ အမှုတွဲ (၅)စောင်၊ တိုင်ကြားစာ (၈)စောင်အား ကော်မတီရဲ့ စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များနှင့်အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံတင်ပြခဲ့ပြီး ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးပို့ခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖြေရှင်းဆောင်ရွက်

ပြီး၍ ကော်မတီသို့ ပြန်လည်ပေးပို့လာသည့် ပြန်ကြားစာ (၆)စောင်၊ အဆိုပါပြန်ကြားစာများကို ပြန်လည်သုံးသပ်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်မှုခံယူခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များ**

၁၁။ (က) နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရမည်ဟူသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄ နှင့်အညီ ကော်မတီမှ ဆောင်ရွက်ခဲ့ပြီးသော အလုပ်သမားရေးရာ အငြင်းပွားမှု ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်တွင် လက်ခံဆွေးနွေး အတည်ပြုနိုင်ပါက အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှု ပြဿနာများကို အောင်မြင်စွာ ဖြေရှင်းနိုင်ပါလိမ့်မည်။

(ခ) ကော်မတီသည် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ၊ ILO ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုရင်းရင်းနှီးနှီး ဆက်ဆံနိုင်ပါက အလုပ်သမားထုအတွက် အကျိုးမပြုသော ဥပဒေများ၊ လက်တွေ့မကျတော့သော ဥပဒေများကို လိုက်နာဆောင်ရွက်ရန် ခက်ခဲသောဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရာတွင် ပိုမို၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပါလိမ့်မည်။

(ဂ) ကော်မတီသို့ တိုင်ကြားလာသော အလုပ်ရှင်၊ အလုပ်သမားပြဿနာများကို ဥပဒေနှင့်အညီ အကြံပြုရာတွင် နှစ်ဖက်အငြင်းပွားသူများနှင့် သက်ဆိုင်ရာဆက်စပ်အဖွဲ့အစည်းများကို ကွင်းဆင်း စုံစမ်းနိုင်ပါက တရားမျှတမှု ဖော်ဆောင်နိုင်ရေးအတွက် အနီးစပ်ဆုံးအဖြေ ရှာပေးနိုင်ပါလိမ့်မည်။

**ကွင်းဆင်းဆောင်ရွက်ခြင်း**

၁၂။ ၈-၂-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပန်ဒါချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ (ပလိပ်) သို့ ကွင်းဆင်းစစ်ဆေးရာ ဆန္ဒပြအလုပ်သမားခေါင်းဆောင်များ၏ မေတ္တာရပ်ခံချက်အရ ကော်မတီမှ စေ့စပ်ညှိနှိုင်းပေးခဲ့ရာ အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ပြီး ၉-၂-၂၀၁၇ ရက်နေ့တွင် နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး (၈)လကျော်ကြာ ကြာမြင့်ခဲ့သော အလုပ်သမား ဆန္ဒပြမှုကြီးကိုပြီးဆုံးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**နိဂုံး**

၁၃။ နိဂုံးချုပ်အနေဖြင့် အမျိုးသားလွှတ်တော်၊ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီသည် နိုင်ငံတော်၏အခြေခံကျသော အလုပ်သမားများ၏ လူနေမှုဘဝမြင့်မားအောင် ဆောင်ရွက်ခြင်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး အောင်မြင်စွာ

တည်ထောင်နိုင်ရန် ကူညီဖော်ဆောင်ပေးသည့် ကော်မတီတစ်ရပ်ဖြစ်စေရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကိုခံယူ၍ ကော်မတီ၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ကြိုးစားထမ်းဆောင် လျက်ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

အမျိုးသားလွှတ်တော်
ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂း၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၀၂။**

**ဒေါက်တာဒွေးကြွယ် (ဥက္ကဋ္ဌ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်း ဆက်သလိုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁) မဲဆန္ဒနယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ ဥက္ကဋ္ဌ ဒေါက်တာဒွေးကြွယ် ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန် အစည်းအဝေးကာလအထိ ဆောင်ရွက်ခဲ့တဲ့ ကော်မတီ၏ ဆောင်ရွက်ချက်များကို ကော်မတီကိုယ်စား အစီရင်ခံ တင်ပြသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**

**ကော်မတီဖွဲ့စည်းခြင်း**

၂။ နိုင်ငံသားများ၏ နေ့စဉ်ကြုံတွေ့နေရတဲ့ လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာတွေမှာ နိုင်ငံသားတို့၏ အခွင့်အရေးကို အမှန်တကယ် ရရှိစေရန်အတွက်

ရပိုင်ခွင့်များမဆုံးရှုံးရန်အတွက် ရည်ရွယ်ပြီးတော့ အမျိုးသားလွှတ်တော်မှ အစည်းအဝေး ဆုံးဖြတ်ချက်အရ ကျွန်တော်တို့ ကော်မတီကို ၁၉-၂-၂၀၁၆ ခုနှစ်မှာ အဖွဲ့ဝင်(၁၅)ဦးနှင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၅။ ကော်မတီ၏ တစ်နှစ်တာဆောင်ရွက်ချက်များကို ကျွန်တော် ဆက်လက် အစီရင်ခံတင်ပြသွားပါမယ်။ ကျွန်တော်တို့ကော်မတီဟာ ၁၉-၂-၂၀၁၆ က နေပြီးတော့ ယနေ့အထိ အစည်းအဝေး အကြိမ်ပေါင်း ပုံမှန်အစည်းအဝေးကို(၃၁)ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ကော်မတီရဲ့ လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီးတော့ တိုင်ကြားစာများကို လက်ခံခြင်း၊ ဥပဒေပြုတဲ့နေရာမှာ ပါဝင်ဆောင်ရွက်ခြင်း၊ ကွင်းဆင်းလေ့လာခြင်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများ ရှိခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဥပဒေပြုကဏ္ဍမှာဆိုခဲ့လို့ရှိရင် ကျွန်တော်တို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့နဲ့ တွေ့ဆုံပြီးတော့ ၁၉၅၂ ခုနှစ် ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင် အက်ဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးနှင့် ပတ်သက်ပြီး ဥပဒေသစ်တစ်ရပ်ထွက်ပေါ်လာနိုင်စေရန် ဆွေးနွေးခဲ့ပါတယ်။ ထိုဗဟိုစာရင်းအင်းဥပဒေကြမ်းကို သက်ဆိုင်ရာဝန်ကြီးဌာနမှ လွှတ်တော်သို့ တင်သွင်းခဲ့ပြီးဖြစ်ပါသည်။ ကျွန်တော်တို့ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံတဲ့နေရာမှာ ကော်မတီဟာ ၁၆-၃-၂၀၁၆ ရက်နေ့နှင့် ၂၈-၂-၂၀၁၇ ရက်နေ့တွေမှာ UNOHCHR ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီနှင့် (၂)ကြိမ်တိုင် ဆွေးနွေးခဲ့ပါတယ်။ ထို့အပြင်နိုင်ငံတော်သံတမန်နဲ့ ပတ်သက်လို့ ဖိလစ်ပိုင်သံအမတ်ကြီးနဲ့ ၃၀-၃-၂၀၁၆ ရက်နေ့မှာ မြန်မာ-ဖိလစ်ပိုင် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုကိစ္စများကို ဆွေးနွေးခဲ့ပါတယ်။ ထို့အတူပဲ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေ ဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီ ဦးဆောင်တဲ့အဖွဲ့နဲ့ ၂၆-၆-၂၀၁၆ ရက်နေ့မှာ (၁)ကြိမ်၊ ၁၉-၁-၂၀၁၇ ရက်နေ့မှာတစ်ကြိမ်၊ (၂)ကြိမ် တွေ့ဆုံခဲ့ပါတယ်။ အရပ်ဘက်လူမှုအဖွဲ့အစည်း များနဲ့တော့ ၂၇-၇-၂၀၁၆ ရက်နေ့မှာ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့နှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါတယ်။ ၇-၉-၂၀၁၆ ရက်နေ့မှာ ကျွန်တော်တို့ ကော်မတီဝင်တွေဟာ ရမည်းသင်းအကျဉ်းထောင်ကို လူ့အခွင့်အရေး အခြေအနေများကို လေ့လာမှတ်တမ်းတင်ပြီးတော့ ကွင်းဆင်းခဲ့ပါတယ်။ ၁၂-၉-၂၀၁၆ ရက်နေ့မှာ PEN Myanmar Center ဦးဆောင်တဲ့ အဖွဲ့အစည်းနဲ့ သတင်းမီဒီယာ ဥပဒေ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ရေး ဥပဒေများနှင့် ပတ်သက်ပြီးတော့ လိုအပ်ချက်များ၊ ပြင်ဆင်ချက်များကို ဖြည့်စွက်ပြီးတော့ ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ ၂၆-၉-၂၀၁၆ ရက်နေ့မှာ မြန်မာနိုင်ငံမသန်စွမ်းအသင်းချုပ်မှ မသန်စွမ်းသူများ၏ ပညာသင်ယူခွင့် မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ အခွင့်အရေးဆိုင်ရာ ကော်မတီ၊ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီတို့နဲ့ ပူးပေါင်းပြီးတော့ အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းအနေနဲ့ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနဲ့ မြန်မာ-ဖိလစ်ပိုင် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များနဲ့ ၁-၁၀-၂၀၁၆ ခုနှစ်မှာ I-20 မှာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)နှင့် အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းပြီးတော့ ၁၂-၁၂-၂၀၁၆ ရက်နေ့မှာ အမျိုးသားလွှတ်တော် ထမင်းစားခန်းမမှာ အကျဉ်းထောင်နှင့် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပါတယ်။ (AAPP)မှ တင်ပြလာတဲ့ နိုင်ငံရေးအကျဉ်းသား လွတ်မြောက်တဲ့ စာရင်းနဲ့ အကျဉ်းထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသားများ ကျန်ရှိတဲ့စာရင်းကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးဖို့ မေတ္တာရပ်ခံလာတဲ့စာကို ဥက္ကဋ္ဌရဲ့ခွင့်ပြုချက်နဲ့ သက်ဆိုင်ရာ ပြည်ထဲရေးဌာနကို အကြောင်းကြားပေးထားပါတယ်။ ၁၄-၁-၂၀၁၇ ခုနှစ်မှာ ကော်မတီအဖွဲ့ဝင်များဟာ ၁၇-၁-၂၀၁၇ ရက်နေ့အထိ လွိုင်ကော် အကျဉ်းထောင်ကိုသွားပြီးတော့ ထောင်ဝန်ထမ်းများ၊ အကျဉ်းသားများတို့ရဲ့ လူ့အခွင့်အရေး အခြေအနေများကို လေ့လာဆန်းစစ်ခဲ့ပါတယ်။ မြစ်ကြီးနားမြို့ကို ကျွန်တော်တို့က ၂၅-၁-၂၀၁၇ ကနေပြီးတော့ ၁-၂-၂၀၁၇ ရက်နေ့အထိကို တိုင်ကြားစာများနဲ့ ပတ်သက်ပြီးတော့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ကို ကွင်းဆင်းလေ့လာခဲ့ပါတယ်။ ကျွန်တော်တို့ တိုင်ကြားစာများနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံသားများ၊ နိုင်ငံသားများ ထံမှပေးပို့သော တိုင်ကြားစာ(၄၀၈)စောင်ကို လက်ခံရရှိပြီးတော့ ကော်မတီသို့ တိုက်ရိုက်တိုင်ကြားလာတဲ့ တိုင်ကြားစာများကို စိစစ်၍ အမှန်တကယ် နစ်နာမှုရှိတဲ့ အမှုတွဲပေါင်း (၇၅)စောင်ကို ပြည်ထောင်စု လွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ ပြည်နယ်/တိုင်းဒေသကြီးအဖွဲ့များအား ဖြေရှင်းနိုင်အောင် ပေးပို့ခဲ့ပါတယ်။ လယ်ယာမြေသိမ်းဆည်း ခံရမှုနဲ့ပတ်သက်ပြီး အမှုတွဲ (၁၂၄)စောင်အား လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ကို လွှဲအပ်ပေးခဲ့ပါတယ်။

၆။ ကော်မတီသည် နိုင်ငံသားများ၏ရပိုင်ခွင့်များ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့်တိုင်ကြားစာ၊ အသနားခံစာများအပေါ် စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြပြီး လမ်းညွှန်ချက်နှင့်အညီ ဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးထံသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးပို့ခြင်းနှင့် လိုအပ်ပါက ကွင်းဆင်းလေ့လာ စိစစ်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

၇။ တိုင်ကြားစာများနှင့် စပ်လျဉ်းပြီး အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဝန်ကြီးဌာန၊ ပြည်နယ်၊ တိုင်းဒေသအစိုးရများနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့က အမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် ဤကော်မတီသို့ ပြန်လည်ပေးပို့ပါတယ်။ ကော်မတီမှတစ်ဆင့် သက်ဆိုင်ရာ တိုင်ကြားသူများထံ ပြန်လည် အကြောင်းကြား အသိပေးခဲ့ပါတယ်။ ပြန်ကြားစာများနှင့်ပတ်သက်၍ မရရှိသေးတဲ့ တိုင်ကြားစာပေါင်းကတော့ ကျွန်တော်တို့ (၆၉)စောင်ရှိပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တစ်နှစ်တာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ကော်မတီရဲ့ အကြံပြုသုံးသပ်ချက်ကို ဆက်လက်ပြီးတော့ အစီရင်ခံတင်ပြသွားပါမယ်။

## ကော်မတီ၏ သုံးသပ်အကြံပြုချက်

၈။ ကော်မတီမှ စိစစ်ဆောင်ရွက်ခဲ့သော နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ရပ် နစ်နာသဖြင့် တင်ပြစာများ၊ အသနားခံစာများ၊ တိုင်ကြားစာများနှင့်ပတ်သက်၍ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်း

များက ပြန်လည်စစ်ဆေး အရေးယူဆောင်ရွက်ချက်များကို ဤကော်မတီက ပြန်လည်သိရှိရမှသာလျှင် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ယခုထက် ပိုမိုထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဌာန၊ အဖွဲ့အစည်းများ၏ ဖြေရှင်းဆောင်ရွက်ချက်များအား ဤကော်မတီသို့ အချိန်မီ ပြန်လည်ပေးပို့နိုင်ခြင်း ရှိ/မရှိကို လွှတ်တော်အနေနဲ့ စောင့်ကြပ်ထိန်းသိမ်းပေးသင့်ပါတယ်လို့ လေးစားစွာ တင်ပြအပ်ပါတယ်။ အကြံပြုအပ်ပါတယ်။

**နိဂုံး**

၉။ နိဂုံးချုပ်အနေနဲ့ အမျိုးသားလွှတ်တော်က ဖွဲ့စည်းပေးထားတဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီသည် ဤလွှတ်တော်က ပေးအပ်ထားသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်ပါအတိုင်း နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီရရှိစေရေး၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အချက်များနှင့်အညီ လူ့အခွင့်အရေး အပြည့်အဝ ရရှိစေရေး၊ ဒီမိုကရေစီ စံနှုန်းများနှင့်အညီ လွတ်လပ်သော လူမှုအခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ ပေါ်ထွန်းရှင်သန်ရေး၊ ဒီမိုကရေစီကျင့်စဉ် ချောမွေ့စွာ ဆက်လက်ရှင်သန်ဖြစ်ထွန်းရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်။

နိုင်ငံသားများ၏မူလအခွင့်အရေး၊
ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၁၃။**

**ဦးကျော်သီဟ (ဥက္ကဋ္ဌ၊ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဝမ်းတွင်း၊

သာစည် အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌဖြစ်သူ ဦးကျော်သီဟ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်
## သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏
## လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

၁။ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီကို နိုင်ငံတော်အတွင်းရှိ သဘာဝသယံဇာတများ အခြေအနေသိရှိရန်နဲ့ ဒေသတွင်းနေထိုင်နေကြတဲ့ ပြည်သူလူထုအနေဖြင့် သတ္တုသယံဇာတများကို ဥပဒေနှင့်အညီ ထုတ်လုပ်ခံစားခွင့်ရရှိရေးနဲ့ အခြေခံလူတန်းစားတို့ရဲ့ လူမှုစီးပွားရေးပိုမိုမြင့်မားလာစေရေးအတွက် ဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်။

၂။ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို ၂၂-၂-၂၀၁၆ ရက်နေ့မှာ ကော်မတီဝင်(၁၅)ဦးနဲ့ စတင်ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ သတ္တုသယံဇာတကော်မတီရဲ့ တစ်နှစ်ပတ်လည် အစီရင်ခံစာကို ကျွန်တော့်ကော်မတီကိုယ်စား ဖတ်ကြားပေးပါမယ်။

၃။ ကျွန်တော်တို့ ကော်မတီတစ်နှစ်တာ ဆောင်ရွက်ချက်မှာ-

- သဘာဝသယံဇာတပစ္စည်းများကို စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေးကို အားပေးကူညီခြင်း၊
- သဘာဝသယံဇာတပစ္စည်းများ ထုတ်လုပ်ရာတွင် ဂေဟစနစ် မပျက်သုဥ်းစေရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ မပျက်ယွင်းစေရေးအတွက် စိစစ်ညှိနှိုင်းကူညီဆောင်ရွက်ပေးခြင်း၊
- သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးခြင်း၊
- နိုင်ငံသားများ၏ အလုပ်လုပ်ကိုင်မှု၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားရေးလုပ်ကိုင်မှု၊ အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တူညီသော အခွင့်အလမ်းရရှိစေရန် ကူညီဖော်ဆောင်ပေးခြင်း၊
- နိုင်ငံသားများ၏ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိရန်နှင့် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်း၊
- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ မူဝါဒနှင့် ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များကို အောင်မြင်အောင် ပူးပေါင်းကူညီဖော်ဆောင်ခြင်းနှင့် လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးခြင်းများကို ပြုလုပ်ပါတယ်။

- ကော်မတီ၏ လေ့လာတွေ့ရှိချက်များအပေါ် မူတည်ပြီး လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ အဆိုတင်သွင်းတာ လုပ်ပါတယ်။
- သတ္တုတူးဖော် ထုတ်လုပ်နေသူများရဲ့ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များကို ဥပဒေနှင့်အညီ ဖော်ဆောင်ညှိနှိုင်းပေးခြင်း၊ နစ်နာဆုံးရှုံးမှုများရှိပါက တင်ပြချက်အပေါ် မူတည်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်သွယ်ကာ ညှိနှိုင်းဆွေးနွေးခြင်း၊ ကြားနာခြင်း၊ လိုအပ်ပါက အငြင်းပွားမှုဖြစ်ပေါ်သည့် နေရာသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ ဥပဒေနှင့်အညီ ဖော်ဆောင်ပေးမည့် တွေ့ရှိချက်ကို လွှတ်တော်ဥက္ကဋ္ဌထံ အချိန်နှင့် တစ်ပြေးညီတင်ပြခြင်းများ လုပ်ဆောင်ပါတယ်။
- ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက ကော်မတီ သို့မဟုတ် ကော်မတီဝင်ထံသို့ ဆက်သွယ်လာလျှင် လွှတ်တော်ဥက္ကဋ္ဌထံတင်ပြပြီး ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်းများကို ဆောင်ရွက်နိုင်ပါတယ်။

၄။ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီသည် အမျိုးသားလွှတ်တော် ဒုတိယအကြိမ် ပထမပုံမှန်အစည်းအဝေးကနေပြီးတော့မှ စတုတ္ထပုံမှန်အစည်းအဝေးကာလ ၁-၃-၂၀၁၇ ရက်နေ့အထိ ကော်မတီလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး(၂၄)ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု(၁)ကြိမ်ရှိခဲ့ပါတယ်။ ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု(၁၈)ကြိမ် ကျွန်တော်တို့ တွေ့ဆုံခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တွေ့တာလည်း (၁)ကြိမ် ရှိခဲ့ပါတယ်။ အဲဒီတော့ ဒေသခံလုပ်ငန်းရှင်များနှင့် တွေ့ဆုံမှု (၃)ကြိမ်ထိ ကျွန်တော်တို့ တွေ့ဆုံပြီးတော့မှ ဆွေးနွေးခဲ့တာရှိပါတယ်။

၅။ ပြည်သူများမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးနေမှု၊ ဆုံးရှုံးနစ်နာနေမှုတွေနှင့် ပတ်သက်ပြီး ကော်မတီကို တိုင်ကြားလာပြီးတော့မှ စာနဲ့ရေးပြီးတော့မှ အကြောင်းကြားလာတဲ့ အချိန်မှာလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ လမ်းညွှန်မှုကိုခံယူပြီး သက်ဆိုင်ရာဒေသများသို့ ကွင်းဆင်းဆောင်ရွက်မှုများလည်း ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ကွင်းဆင်းလေ့လာရေးခရီးစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်းရပ်ကွက်က အရက်ချက်စက်ရုံကိုသွားရောက် လေ့လာခဲ့တာရှိခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးအုပ်စု၊ ကျည်ထောက်ပေါက် ကျေးရွာမှာ သတ္တုရှေ့တွင်းကိုလည်း သွားရောက်ကြည့်ရှုခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ခူလယ်ကျေးရွာအုပ်စုမှာရှိတဲ့ သတ္တုရှေ့တွင်းနေရာကိုလည်း ကွင်းဆင်းလေ့လာ ကြည့်ရှုခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံ တင်ပြလမ်းညွှန်မှုခံယူပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်ပေးမှုများ ပြုလုပ်ခဲ့ရပါတယ်။

၆။ ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ကော်မတီက လေ့လာတင်ပြရမည်ဖြစ်တဲ့ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်တဲ့ဥပဒေနှင့်ပတ်သက်ပြီး လေ့လာဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီထဲက

မြန်မာ့ကျောက်မျက်ရတနာဥပဒေ ၂၀၁၇ ခုနှစ် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ၁၅-၂-၂၀၁၇ ရက်နေ့တွင် ဥပဒေကြမ်းတင်သွင်းပြီးလည်း ဖြစ်ပါတယ်။

၇။ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီသည် သက်ဆိုင်ရာ ဒေသတွင်းနေထိုင်တဲ့ ပြည်သူလူထုအနေနဲ့ သယံဇာတများကို ဥပဒေနှင့်အညီ ထုတ်လုပ်ခံစားခွင့်ရရှိရေးနှင့် ၎င်းတို့ရဲ့ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာစေရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်တာ ကျွန်တော်တို့ တတ်နိုင်သလောက်လုပ်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ ကော်မတီအနေနဲ့ အကြံပြုတင်ပြချက်က ဒေသတွင်းပြည်သူတွေရဲ့ သဘာဝသယံဇာတတွေကို ထုတ်ယူသုံးစွဲတဲ့နေရာမှာ ကော်မတီက တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးက ကျွန်တော်တို့ ကော်မတီမှာရှိတဲ့ ကော်မတီဝင်တွေ တော်တော်များများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးကနေပြီးတော့မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်တော်များများ (၁၅)ယောက်ပါ။ အဲဒီဒေသအသီးသီးက လူတွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဒါကြောင့် သဘာဝသယံဇာတပေါကြွယ်တဲ့ ကျွန်တော်တို့ နိုင်ငံထဲက ဒေသတွေကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးအဆင့် အစိုးရဝန်ကြီးဌာနများက လုပ်ငန်းဆိုင်ရာ သဘောသဘာဝအလျောက် သွားရောက်တဲ့အချိန်တွေမှာ အဲဒီဒေသတွေကို သွားရောက်တဲ့အချိန်တွေမှာ သယံဇာတပစ္စည်းတွေနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ကော်မတီကို လိုအပ်သလို အခါအားလျော်စွာ လုပ်ငန်းလည်ပတ်မှု ပိုမိုချောမွေ့ဖို့အတွက် ကျွန်တော်တို့ကော်မတီကိုလည်း သတ္တုတွင်းဝန်ကြီးဌာန၊ ယခင်အခေါ် သယံဇာတဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ ကော်မတီနဲ့အတူ လက်တွဲပြီးတော့မှ သွားရောက်ပြီးတော့မှ ရောက်မယ်ဆိုလို့ရှိရင် ပိုပြီးတော့မှ အဆင်ပြေနိုင်မယ်ဆိုတဲ့ ဟာလေးကို အကြံပြုတင်ပြလိုပါတယ်။ ဒါမှ ဥပဒေပြုတဲ့ နေရာမှာပဲဖြစ်ဖြစ်၊ ဥပဒေနှင့်အညီဆောင်ရွက်တဲ့ အလုပ်တွေလုပ်ဖို့အတွက် မဲဆန္ဒရှင်ပြည်သူနဲ့ အနီးစပ်ဆုံးက ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ထဲက လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနအနေနဲ့ အချို့ချို့သော လုပ်ငန်းဆောင်ရွက်တဲ့အချိန်မှာ သက်ဆိုင်ရာ ကွင်းဆင်းပြီးရောက်တဲ့အချိန်မှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့အတူ ဖိတ်ကြားပြီးတော့မှ အတူကွင်းဆင်းတယ်ဆိုရင် ပြည်သူနဲ့ အစိုးရဝန်ထမ်း တွေနဲ့ကြားထဲမှာ ကျွန်တော်တို့ ညှိနှိုင်းဖြေရှင်းပေးနိုင်တဲ့ အလုပ်တွေရှိနိုင်တယ်ဆိုတဲ့ အကြံဉာဏ်ပေးခြင်း ဖြစ်ပါတယ်။

၈။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကော်မတီအနေနဲ့ နိဂုံးချုပ်အနေနဲ့ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၄၇(ဂ)အရလည်းကောင်း၊ အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏နည်းဥပဒေ ၁၀၆၊ ၁၀၇ အရ ဖွဲ့စည်းထားပြီး လွှတ်တော်၏ လုပ်ငန်းစဉ်ဖြစ်သော ဥပဒေပြုခြင်း၊ အစိုးရ၏ လုပ်ငန်းဆောင်တာများအား စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ဘတ်ဂျက်စိစစ်ခြင်း လုပ်ငန်းများအား လွှတ်တော်၏ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တစ်နှစ်တာကာလ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။

သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ(၁/၂၀၁၇)ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၂း၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၁/၂၀၁၇)ကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၂၃။**

**ဦးလှမြင့်(ခ) ဦးလှမြင့်သန်း (အတွင်းရေးမှူး၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ အတွင်းရေးမှူး ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ(၁/၂၀၁၇)ကို အချိန်ကိုငဲ့သောအားဖြင့် အကျဉ်းချုပ်ကိုသာ ကော်မတီရဲ့ကိုယ်စား တာဝန်ပေးချက်အရ တင်သွင်းသွားမှာ ဖြစ်ပါတယ်။ စာရင်းဇယားများကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား ကြိုတင်ပန်ကြားအပ်ပါတယ်။

### အမျိုးသားလွှတ်တော်
### ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ
### အစီရင်ခံစာ

ဒီကော်မတီရဲ့ အစီရင်ခံစာ(၁/၂၀၁၇)ကို နိဒါန်းမှ နိဂုံးထိ အပိုဒ်(၁၄)ပိုဒ်ဖြင့် တင်ပြထားပြီးတော့ အပိုဒ်(၁) နိဒါန်းမှာ အမျိုးသားလွှတ်တော် တိုင်ကြားစာဆိုင်ရာကော်မတီသည် လက်ခံရရှိသော တိုင်ကြားစာများအနက် တရားရုံးတစ်ခုခုတွင် စစ်ဆေးဆဲအမှုကိစ္စများမှအပ တိကျမှန်ကန်ကြောင်း စိစစ်တွေ့ရှိရသော တိုင်ကြားစာ၊ အသနားခံစာများကို ဆိုင်ရာ ပြည်ထောင်စုအဆင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်များထံ ဥပဒေနှင့်အညီဖြစ်ရေး ညှိနှိုင်းပေးခြင်း၊ မှန်ကန်မှုမရှိသောတိုင်စာများကို လိုအပ်သလို ရှင်းလင်းပြန်ကြားပေးခြင်းဖြင့် ပြည်သူလူထုအား အကာအကွယ်ပေးသည့် အုပ်ချုပ်မှုစနစ်ကို အကောင်အထည်ဖော်မည့် အစိုးရတစ်ရပ်ဖြစ်ရေး အထောက်အကူဖြစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါတယ်။

အပိုဒ်(၂)မှာတော့ တိုင်စာပါကိစ္စရပ်များကို ကော်မတီ၏ စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်မှုခံယူပြီး ပြည်ထောင်စုအစိုးရ

အဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ နေပြည်တော် ကောင်စီတို့ထံ ပေးပို့ပြီးတော့ ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရေး ညှိနှိုင်းပေးခြင်းဖြင့် ပြည်သူတို့၏အခက်အခဲများကို ကူညီဖြေရှင်းရန် ရည်ရွယ်ကြောင်း ကော်မတီရဲ့ ရည်ရွယ်ချက်ကို တင်ပြထားပါသည်။

အပိုဒ်(၃)မှာ ဖွဲ့စည်းပုံ၊ အပိုဒ်(၄)မှာ တာဝန်များ၊ အပိုဒ်(၅)မှာ လုပ်ပိုင်ခွင့်များ၊ အပိုဒ်(၆)မှာ အစုအဖွဲ့ (၃)ခု ခွဲပြီးတော့ ကဏ္ဍအလိုက် တာဝန်ထမ်းဆောင်ခြင်း၊ အပိုဒ်(၇)မှာတော့ အတွင်းရေးမှူး၏ တာဝန်များ၊ အပိုဒ်(၈)မှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး(၄)ခု၊ ပြည်နယ် (၁)ခုတို့သို့ ၃၁-၁-၂၀၁၇ ရက်နေ့အထိ အမှု(၁၄)မှုအတွက် (၁၀)ကြိမ် ကွင်းဆင်းကြားနာခဲ့ကြောင်းနှင့် ကော်မတီရုံးခန်း၌ ပြည်ထောင်စု တရားလွှတ်တော်ချုပ်အရာရှိ တစ်ဦးအပါအဝင် ကြားနာမှု(၂)ခုကို ပြုလုပ်ခဲ့ကြောင်း အစီရင်ခံထားပါတယ်။ Power Pointဖြင့် ဆက်လက် တင်ပြပါ့မယ်။

၁-၁-၂၀၁၆ မှ ၃၁-၁-၂၀၁၇ အထိ လက်ခံရရှိသည့်တိုင်စာပေါင်း (၄၃၆၇)စောင်ဖြစ်တာကို Slide (1) ပါအတိုင်း အစီရင်ခံတင်ပြထားပါတယ်။ ကော်မတီသို့တိုက်ရိုက်တင်ပြခြင်းထက် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌထံမှတစ်ဆင့် လွှဲပြောင်းပေးတဲ့စာများက (၂)ဆကျော်ခန့် ပိုများကြောင်းတွေ့ရှိရမှာ ဖြစ်ပါတယ်။

အပိုဒ်(၉)မှာတော့ ကော်မတီမှ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အာဏာပိုင်များ၊ အာဏာပိုင် အဖွဲ့အစည်းများသို့ပေးပို့ခဲ့တဲ့ အမှုတွဲစာရင်းများကို Slide (2)မှာ တင်ပြထားသည့်အတိုင်း အစီရင်ခံ ထားပါတယ်။ အမှုတွဲပေးပို့မှု ပြန်လည်တင်ပြမှု ပြန်ကြားရန်ကျန်အမှုတွဲများကို ကြည့်လျှင် ၃၀% ခန့်သာ ပြန်ကြားခဲ့ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

Slide (3)နှင့် Slide(4)မှာ ဖော်ပြထားတဲ့အတိုင်း ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန (၁၄)ခုသို့ ပေးပို့ခဲ့တဲ့ အမှုတွဲပေါင်း(၆၆)တွဲ၊ ပြန်ကြားသည့် အမှုတွဲ(၃၁)ခု၊ ပြန်ကြားရန်ကျန်(၃၅)မှု ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ အစီရင်ခံတင်ပြထားပါတယ်။ လွှတ်တော်သို့ တုံ့ပြန်မှုမှာ ၄၅ ရာခိုင်နှုန်း ခန့်သာဖြစ်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ Slide(5) မှာတော့ ပြည်နယ်(၄)ခု၊ တိုင်းဒေသကြီး(၇)ခုသို့ အမှုတွဲ(၁၁၂)မှု ပေးပို့ခဲ့ရာမှာ (၂၆)မှုသာ ပြန်ကြားခဲ့ပြီး (၈၆)မှု ကျန်နေသေးကြောင်း အစီရင်ခံထားပါတယ်။ လွှတ်တော်သို့ ပြန်ကြားမှုကို ကြည့်မယ်ဆိုရင် ၂၃ ရာခိုင်နှုန်း မျှသာဖြစ်ကြောင်း တွေ့နိုင်မှာဖြစ်ပါတယ်။

၃၁-၁-၂၀၁၇ အထိ မြေသိမ်းဆည်းခံရမှု တိုင်ကြားစာပေါင်း(၃၈၅)စောင်ကို မြေ/စစ်ဗဟို ကော်မတီသို့လွှဲပို့ခဲ့ပြီး တိုင်ကြားသူများထံသို့ ကော်မတီမှပြန်စာပေါင်း (၁၄၁)စောင် ကိုပေးပို့ခဲ့ပြီး ဖြစ်ကြောင်း အစီရင်ခံထားပါတယ်။

အပိုဒ်(၁၀)မှာတော့ ကော်မတီက အရေးယူဆောင်ရွက်ခြင်းမပြုတဲ့ တိုင်စာ အမျိုးအစား (၁၀)မျိုးကို အသေးစိတ်ဖော်ပြထားပါတယ်။

အပိုဒ်(၁၁)မှာ ကော်မတီရဲ့ အခြားဆောင်ရွက်ချက်များကို ဖော်ပြထားပြီးတော့ အပိုဒ်(၁၂) မှာတော့ ကော်မတီရဲ့ဆောင်ရွက်ချက်များကို သုံးသပ်တင်ပြထားပါတယ်။ သုံးသပ်ချက်မှာ သက်ဆိုင်ရာ

များသို့ ပေးပို့ညှိနှိုင်းခဲ့ရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ပြန်တင်ပြမှုများစွာ နည်းနေသည့်အပြင် ပြန်တင်ပြချက်အချို့မှာ အားရကျေနပ် ဖွယ်မရှိကြောင်း သုံးသပ်ထားပါတယ်။ ဒါ့အပြင် ကွင်းဆင်း လေ့လာမှုကြောင့် အချို့သောတိုင်ကြားစာပါကိစ္စရပ်များကို သက်ဆိုင်ရာမှ ဖြေရှင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့တာကြောင့် အမျိုးသားလွှတ်တော်အနေဖြင့် တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သုံးသပ် တင်ပြထားတာကို အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အပိုဒ်(၁၃)မှာတော့ တိုင်ကြားစာပါကိစ္စရပ်များကို မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးရန် လိုအပ်တာကြောင့် ဥပဒေရေးရာနှင့်ဝန်ထမ်းဌာနဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူများကို ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီမှာ ဦးစားပေးထည့်သွင်း ဖွဲ့စည်းသင့်ကြောင်း အကြံပြုအစီရင်ခံ ထားပါတယ်။

အပိုဒ်(၁၄)မှာတော့ သက်ဆိုင်ရာအဖွဲ့အစည်း/ဌာနများအနေဖြင့် ပြည်သူတို့၏ နစ်နာချက် များကို ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေး တိုင်ကြားစာများကို ဤကော်မတီမှ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအစီရင်ခံ အပ်ပါတယ်။

အမျိုးသားလွှတ်တော်
ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂း၃၁။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၁၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက အစီရင်ခံစာ ကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၃၂။**

**ဒေါ်မမလေး (အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်မမလေး ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီဝင်တစ်ဦးအနေနဲ့ ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏**
**လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ(၁/၂၀၁၇)**

**ကော်မတီဖွဲ့စည်းမှုနှင့်တာဝန်များ**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၄.၂.၂၀၁၆ ရက်တွင် ဥက္ကဋ္ဌ ဒေါက်တာခွန်ဝင်းသောင်း၊ အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်နှင့် အဖွဲ့ဝင် (၁၃)ဦး၊ စုစုပေါင်း (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ ၆.၁၂.၂၀၁၆ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွှန့် အား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အဖွဲ့ဝင် ဗိုလ်မှူးဝင်းသိန်း အစား ဗိုလ်မှူးချုပ် ချစ်ဦး အားလည်းကောင်း အစားထိုးခန့်အပ်ကာ ကော်မတီ၏တာဝန်များကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

၃။ ကော်မတီ၏ တာဝန်များမှာ ဖွဲ့စည်းသည့်နေ့တွင် တင်ပြပြီးဖြစ်ပါသည်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၄။ (က) အစည်းအဝေးပေါင်း (၂၇)ကြိမ်တွင် ကော်မတီလုပ်ငန်းများအတွက် (၁၂)ကြိမ်၊ တိရစ္ဆာန်မွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေးဥပဒေကြမ်းနှင့် မြန်မာနိုင်ငံပင်လယ်ငါးလုပ်ငန်းဥပဒေကြမ်းတို့အတွက် (၁၂)ကြိမ်၊ တိုင်ကြားစာများနှင့်ပတ်သက်၍ (၃)ကြိမ် ကျင်းပခဲ့ပါသည်။

(ခ) ပြင်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း (၂၂)ကြိမ်တွင် ကော်မတီရုံးသို့လာရောက်တွေ့ဆုံခြင်း(၆)ကြိမ်၊ နယ်သို့သွားရောက်တွေ့ဆုံခြင်း(၁၆)ကြိမ်တွင် စိုက်ပျိုးရေးကဏ္ဍအတွက် (၂)ကြိမ်၊ မွေးမြူရေးကဏ္ဍအတွက်(၇)ကြိမ်၊ ရေလုပ်ငန်းကဏ္ဍအတွက် (၇)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါ သည်။ (အချို့မှာ ကဏ္ဍနှစ်မျိုးပါဝင်ပါသည်။)

(ဂ) အခမ်းအနားများတက်ရောက်ခြင်း(၁၆)ကြိမ်တွင် စိုက်ပျိုးရေးကဏ္ဍအတွက် (၇)ကြိမ်၊ အခြားကဏ္ဍများအတွက်(၉)ကြိမ် တက်ရောက်ခဲ့ပါသည်။

(ဃ) Call တွေ့ခြင်း(၄)ကြိမ်တွင် NDI(National Democratic Institute)၌ NDI ၏ အကြံပေးနှင့်(၁)ကြိမ်၊ ဂျပန်အဖွဲ့ နှင့် (၂)ကြိမ်၊ တရုတ်အဖွဲ့နှင့်(၁)ကြိမ် (I-20)တွင် တွေ့ဆုံခဲ့ပါသည်။

(င) ဆွေးနွေးဟောပြောပွဲ (Debate) ပြုလုပ်ခြင်း (၂)ကြိမ်မှာ "မြန်မာ့ရေလုပ်ငန်း အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေး"နှင့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်ရှိ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသုတေသနစာတမ်း တင်ပြခြင်းအတွက် အမျိုးသားလွှတ်တော်၊ အစည်းအဝေးခန်းမတွင် အမျိုးသားလွှတ်တော်၊ ကိုယ်စားလှယ်များနှင့် အရပ်ဘက် အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

( စ ) တိုင်ကြားစာများဆောင်ရွက်ခြင်းတွင် ပေးပို့လာသောအမှုတွဲများအား ကော်မတီ၏ စိစစ်တွေ့ရှိချက်၊ အကြံပြုချက်တို့အရ လိုအပ်သလိုဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ လွှဲပြောင်းပေးပို့ခဲ့ပါသည်။

(ဆ) တင်ပြခြင်း(၃)ခုတွင် တိုင်ကြားစာများ၊ တရုတ်အဖွဲ့နှင့် ဂျပန်အဖွဲ့တို့ လာရောက်တွေ့ဆုံဆွေးနွေးမှုအစီရင်ခံစာ၊ ပြည်တွင်းခရီးစဉ် မှတ်တမ်းတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ အစီရင်ခံစာတင်ပြခဲ့ပါသည်။

## ကော်မတီ၏ ရည်မှန်းချက်များ

၅။ စိုက်ပျိုးရေးကဏ္ဍတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် စိုက်ပျိုးရေးနည်းစနစ်များကို ဖြန့်ဝေပေးနိုင်ရန်၊ ဈေးကွက်ဝင်သီးနှံများ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်နိုင်ရေးလေ့လာရန်၊ သားငါးမွေးမြူရေးကဏ္ဍတွင် အာမခံချက်ရှိစေရန်၊ ကုန်ထုတ်လုပ်မှုအပိုင်းတွင် အရည်အသွေးမြင့်မားပြီး စံချိန်မီထုတ်လုပ်နိုင်ရန်နှင့် ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့တင်ပို့နိုင်သည်အထိ ဆောင်ရွက်သွားမည့်အပြင် သက်ဆိုင်ရာကဏ္ဍအလိုက် လူသားအရင်းအမြစ်များ၏ အရည်အသွေး၊ စွမ်းဆောင်ရည်နှင့် အသိပညာ၊ အတတ်ပညာများ၊ အရည်အချင်းပြည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရန်အတွက် ကော်မတီ၏လုပ်ငန်းတာဝန်(၈)ချက်ပါ ကူညီခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ပြည့်စုံ အောင်မြင်စွာဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

## ကော်မတီ၏ဆွေးနွေးလေ့လာသုံးသပ်ချက်

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၏ တာဝန်ပေးချက်အရ မိမိတို့၏ကော်မတီသည် တိရစ္ဆာန်မွေးမြူရေးနှင့်ကျန်းမာရေး ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံပင်လယ်ငါးလုပ်ငန်း ဥပဒေကြမ်းတို့အား လေ့လာ၊ စိစစ်၊ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန် တာဝန်ယူရပါသည်။ ထို့ကြောင့် သက်ဆိုင်ရာပညာရှင်များ၊ ဝန်ကြီးဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ ရေလုပ်သားများ စသည့် သက်ဆိုင်သူများနှင့် မြို့နယ်၊ကျေးရွာများ အရောက် သွားရောက်လေ့လာဆွေးနွေးမှတ်သားခဲ့ကြပါသည်။

၇။ အငြိမ်းစား တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဆရာဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သုတေသနမှူးများ၏ အတွေ့အကြုံနှင့် အကြံဉာဏ်များရရှိခဲ့ပါသည်။ ကြက်၊ ဘဲ၊ ဝက်၊ နွား၊ ငါး၊ ပုစွန်၊ ကဏန်းပျော့ မွေးမြူထုတ်လုပ်မှုများကို လက်တွေ့သွားရောက်လေ့လာခဲ့ပါသည်။ ပြင်ဦးလွင်၊ နောင်ချို၊ ရန်ကုန်၊ ကြက်၊ ဝက်၊ နွားခြံများ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပင်လယ်ငါးလုပ်ငန်း ရေသယံဇာတ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ရေလုပ်ငန်းရှင်များအပြင် ကျေးရွာများ အရောက် ရေလုပ်သားများနှင့်တွေ့ဆုံပြီး ဥပဒေရေးဆွဲရန် ပြည်သူ့အသံများ၊ ခံစားချက်၊ တင်ပြချက်များ၊ ပြဿနာများကို လက်တွေ့ ကွင်းဆင်းလေ့လာမှတ်သားခဲ့ပါသည်။

၈။ ဒေသအလိုက်တင်ပြချက်များတွင် တူညီသည့်အချက်များ၊ မတူညီသည့်သီးခြားအချက်များကို မှတ်သားခဲ့ရပါသည်။ ဥပမာ - ငါးမဖမ်းရရာသီ (Closed Season)၊ ငါးမဖမ်းရဇရိယာ

(Closed Area) တို့မတူညီကြပါ။ ငါးသားပေါက်ရာသီ နေရာမတူညီကြပါ။ ပင်လယ်ငါးလုပ်ငန်းသည် ရေချိုငါးလုပ်ငန်းနှင့်မတူဘဲ ရေပြင်ကျယ်ဝန်းသည်နှင့်အမျှ လုပ်ငန်းကိစ္စများ များပြားရှုပ်ထွေး လေးနက်ကာ ပြဿနာများလည်း များပြားပါသည်။ သို့သော် ပင်လယ်ပြင်ကြီးကျယ်ဝန်းသော်လည်း ဥပဒေကောင်းနှင့် ပြဋ္ဌာန်းဆောင်ရွက်ပါက မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ကာ ကမ္ဘာတွင်အဆင့် (၁၄/၁၅)မှ ယခင် နေရာအဆင့်(၈)သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပါသည်။

၉။　　ထို့အပြင် မြန်မာ့ရေပြင်ပိုင်နက်သည် ASEAN နိုင်ငံများတွင်ငါးနှင့်ရေသယံဇာတကြွယ်ဝမှုမှာ အခြားနိုင်ငံများထက် ပေါများကျယ်ဝန်းသည့်အတွက် ငါးနှင့် ရေလုပ်ငန်းဆိုင်ရာ ပြီးပြည့်စုံသော တက္ကသိုလ် (Fishery University)တစ်ခုရှိရန် လိုအပ်နေသောကြောင့် တောင်ကိုရီးယားနိုင်ငံ (Pukyong National Unversity) မှ ပညာရှင်(၂)ဦးတို့နှင့် ရန်ကုန်တွင် တွေ့ဆုံဆွေးနွေးတဲ့အချိန်မှာ သူတို့ရဲ့ တက္ကသိုလ်သည် ကိုရီးယားနိုင်ငံတွင်သာမက ကမ္ဘာတွင် ရေလုပ်ငန်းနှင့်ပတ်သက်သော အကြီးဆုံး တက္ကသိုလ်ဖြစ်ပြီး သုတေသနပြုခြင်းနှင့် ပညာပေးလုပ်ငန်းများလုပ်ဆောင်ပါသည်။ ယင်းတွင် သိပ္ပံ နည်းပညာ၊ ဇီဝနည်းပညာ၊ အစာအာဟာရဆိုင်ရာ ထုတ်လုပ်မှုပညာ၊ စီမံမှုပညာ၊ အင်ဂျင်နီယာနှင့် ဒီဇိုင်းပညာများ စသည့်ဖြင့် ဌာနမျိုးစုံပါဝင်ကြောင်း၊ နောက်ဆုံး ငါးလုပ်ငန်းနှင့်ပတ်သက်သည့် စံနှုန်းများ၊ စည်းမျဉ်းဥပဒေများပါ ပြီးပြည့်စုံအောင် သင်ကြားပေး၍ ယင်းတက္ကသိုလ်မှ အောင်မြင်ပြီး ကျောင်းသား များသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်လျှင် ရေလုပ်ငန်းဆိုင်ရာဥပဒေများ ရေးဆွဲနိုင် ကြောင်းနှင့် တောင်ကိုရီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင်လည်း တက္ကသိုလ်တစ်ခု တည်ထောင်ပါက အထက်ပါ ဌာနများပါဝင်ရန်လိုကြောင်းနှင့် ကူညီပေးနိုင်ကြောင်း မြန်မာနိုင်ငံမှ Full Scholarship Program နှင့်တစ်နှစ်လျှင်(၂/၃)ဦး ခေါ်ယူနိုင်ကြောင်း သိရှိရပါသည်။

**ကော်မတီ၏အကြံပြုချက်**

၁၀။　(က)　စိုက်ပျိုးရေးကဏ္ဍတွင် တောင်သူလယ်သမားများ၏ မြေယာလုပ်ကိုင်ခွင့် လုံခြုံမှု ရှိပြီး သိပ္ပံနည်းကျစိုက်ပျိုးရေးပညာပေးမှုအပါအဝင် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုး ထုတ်လုပ်နိုင်မှုနှင့် ဈေးကွက်ရရှိရေးတို့ကို အားဖြည့်ဆောင်ရွက်ရန် လိုအပ်ဆဲ ဖြစ်ပါသည်။

(ခ)　စိုက်ပျိုးရေးဌာန၊ ကျေးရွာမန်နေဂျာများအနေဖြင့် ကွင်းဆင်းဆောင်ရွက်မှု မြှင့်တင်ရန် လိုအပ်ပါသည်။

(ဂ)　ဂျပန်နိုင်ငံအဖွဲ့နှင့်တွေ့ဆုံရာတွင် ယင်းတို့၏ပင်လယ်ငါးလုပ်ငန်းဥပဒေမှ ဒေသခံရေလုပ် သားများ၏အခန်းကဏ္ဍသမဂ္ဂများက ကူညီအားပေးမှုအားကောင်းသော သုတေသန လုပ်ငန်းများကြောင့် ငါးလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်နေမှုကို နမူနာယူရန် လိုအပ် ပါသည်။

(ဃ)　တိရစ္ဆာန်မွေးမြူရေးနှင့်တိရစ္ဆာန်ကျန်းမာရေးဥပဒေကြမ်းတွင် မွေးမြူရေးလုပ်ငန်းရှင်များ၊ လုပ်သားများ၏ အခွင့်အရေးများ မပါဝင်မှုအား ပြင်ဆင်ဖြည့်စွက်ရေးဆွဲရန် လိုအပ် ပါသည်။

(င) ပင်လယ်ငါးလုပ်ငန်းဥပဒေကြမ်းတွင် ဦးစီးဌာနက ဝင်ငွေရရှိရေးကို ရှေ့တန်းတင်ရေးဆွဲထားပြီး ဒေသခံရေလုပ်သားအစုအဖွဲ့အသင်းများနှင့်ပူးပေါင်းဆောင်ရွက်ရန် အားပေးကူညီ အလေးပေးရေးဆွဲရန် လိုအပ်ပါသည်။

(စ) ဂျပန်နိုင်ငံမှ ဒုတိယအကြိမ် လာရောက်တွေ့ဆုံရာတွင် အဓိကအားဖြင့် ဂျပန်နိုင်ငံ၏ ဝေလငါးဖမ်းဆီးမှုတားဆီးခံရခြင်းကို မြန်မာနိုင်ငံအနေဖြင့် ၎င်းတို့ဘက်မှထောက်ခံပေးရန် ပွင့်လင်းစွာလာရောက်တောင်းဆိုခြင်းဖြစ်ပါသည်။ ထိုကိစ္စအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ထည့်သွင်းစဥ်းစားရန်ဖြစ်ပါသည်။

၁၁။ နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းများကို ယခုထက် ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုထုတ်လုပ်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
အမျိုးသားလွှတ်တော်

အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ကော်မတီများ၏အစီရင်ခံစာနှင့်စပ်လျဥ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂း၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ် (၂၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဖတ်ကြားတင်သွင်းထားသည့် ကော်မတီ(၁၅)ခု၏ အစီရင်ခံစာများနှင့် စပ်လျဥ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့ညနေ ၁၆း၀၀ နာရီထက် နောက်မကျစေဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ကော်မတီများတွင် အဖွဲ့ဝင်နှင့် အတွင်းရေးမှူးနေရာ ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၂း၄၀။**

**ဥက္ကဋ္ဌ။** ။အစီအစဥ်(၂၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ တွင် အဖွဲ့ဝင် အဖြစ် ဗိုလ်မှူးချုပ် ခင်မောင်အေး အစား ဗိုလ်မှူးချုပ် အောင်စန်းချစ် အား ပြင်ဆင်ဖွဲ့စည်းခြင်းကို လည်းကောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင်များ အဖြစ် ဦးဟင်နရီဗန်ထီးယူ အစား ဦးမာန်လောမောင်း၊ ဦးစောမိုးမြင့် (ခ) ဆင်မြူရယ် အစား ဦးဝင်းမောင်၊ ဗိုလ်မှူးချုပ်အောင်စန်းချစ် အစား ဗိုလ်မှူးချုပ်သက်ထွန်းအောင်တို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်

မန်းထွန်းကြိုင် အစား စောယှားဖောင်အွာ အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးမင်းဦးအစား ဦးမောင်မောင်လတ် အား ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီတွင် အဖွဲ့ဝင် အဖြစ် ဗိုလ်မှူးချုပ်သက်ထွန်းအောင် အစား ဗိုလ်မှူးချုပ်ခင်မောင်အေး အား ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီတွင် အဖွဲ့ဝင်များအဖြစ် ဦးရဲမြင့်စိုး အစား ဦးရှန်အောရ်၊ ဦးစခင်ဇော်လင်း အစား ဒေါက်တာဦးကွယ်ကွယ် တို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် ဒုတိယဗိုလ်မှူးကြီးကျော်စံဦး အစား ဗိုလ်မှူးကြီးအုန်းချို အား ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင်များအဖြစ် ဒေါက်တာပြည့်ဖြိုး အစား မန်းထွန်းကြိုင်၊ ဦးလှဦး အစား ဦးဝင်းမောင် နှင့် ဗိုလ်မှူးဇော်ထွန်း အစား ဗိုလ်မှူးချုပ်သက်နိုင် တို့အားလည်းကောင်း၊ ဒေါ်နော်ဆာမူထူး ကိုလည်း ထပ်မံဖြည့်စွက်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ တိုင်းရင်းသားရေးရာ ကော်မတီတွင် အဖွဲ့ဝင်များ အဖြစ် ဦးလှဦး အစား ဦးမင်းနိုင်၊ ဦးဇခုန်တိန့်ယိန်း အစား ဦးယောနာ အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးခွန်သိန်းဖေ အစား ဦးနိုင်သီဟ အား ပြင်ဆင်ဖွဲ့စည်းခြင်းကို လည်းကောင်း၊ တောင်သူလယ်သမား ရေးရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် မန်းတိုးရွှေ အစား ဦးမောင်မောင်ဆွေ အား ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင်များအဖြစ် ဦးဝင်းမောင် အစား ဦးဖေချစ်၊ ဒေါ်မေသန်းနွဲ့ အစား ဒေါ်ခင်ဆွေလွင်၊ ဦးမောင်မောင်ဆွေ အစား ဒေါ်အိအိပြုံး တို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ပညာရေးမြှင့်တင်မှုကော်မတီတွင်အဖွဲ့ဝင်အဖြစ် ဦးစိုင်းသန်းနိုင် အစား ဦးကျော်နိုင် တို့ဖြင့် ပြင်ဆင်ဖွဲ့စည်းပြီး ဒေါ်မေသန်းနွဲ့ ကို အဖွဲ့ဝင်အဖြစ် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင်အဖြစ် ဒုတိယဗိုလ်မှူးကြီးထွန်းမြင့် အစား ဗိုလ်မှူးကြီးသန်းဌေး အား ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီတွင်အဖွဲ့ဝင်အဖြစ် ဦးစိုင်းလုံစံခတ် အစား ဦးလှဦး အား ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတွင် အဖွဲ့ဝင် အဖြစ် ဦးကျော်နိုင် အစား ဦးရဲမြင့်စိုး အား ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်သို့ တင်ပြပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကော်မတီများတွင် အဖွဲ့ဝင်နှင့် အတွင်းရေးမှူးနေရာ ပြင်ဆင်ဖွဲ့စည်းခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကော်မတီများတွင် အဖွဲ့ဝင်နှင့် အတွင်းရေးမှူးနေရာ ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် သတ္တု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အမည်ပြောင်းလဲခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၂း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၂၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ အမည်ပြောင်းလဲခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်မှ ဖွဲ့စည်းတာဝန်ပေးထားသော သတ္တုသယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ အစား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ ကော်မတီဟု အမည်ပြောင်းလဲ သုံးစွဲခွင့်ပြုရန် လွှတ်တော်သို့ တင်ပြပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ အစား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဟု အမည်ပြောင်းလဲ သုံးစွဲခွင့်ပြုရန် တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ အစား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ ဟု အမည်ပြောင်းလဲသုံးစွဲခွင့်ပြုရန် တင်ပြချက်ကို လွှတ်တော်က အတည်ပြု ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၉)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၂၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက် (သောကြာနေ့) နေ့လည် ၁း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြီးဆုံးပြီးနောက် နေ့လယ်စာ သုံးဆောင်ပြီးပါက အမျိုးသားလွှတ်တော် ထမင်းစား ခန်းမဆောင်မှာ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့်အစီအစဉ်များ ဆွေးနွေးပွဲကို ဆက်လက်တက်ရောက်နိုင်ပါရန် အသိပေးပန်ကြားအပ်ပါတယ်။ ကော်ဖီ၊ လက်ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံမည့် အကြောင်းကိုလည်း အသိပေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၂း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]